# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**The Mirror Daily**

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ သောကြာနေ့။ Friday, 28 November 2025 ၁၂၀၁၅


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေး ခရီးလာရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသော အထူးလေယာဉ်သည် ယနေ့ညပိုင်းတွင် မြန်မာနိုင်ငံ လေပိုင်နက်အတွင်းသို့ စတင်ဖြတ်သန်းဝင်ရောက်လာရာ မြန်မာ့တပ်မတော်(လေ)မှ စတုတ္ထမျိုးဆက်လွန် Su-30 SME ဘက်စုံသုံး အကြီးစားဂျက်တိုက်လေယာဉ် သုံးစင်းက လိုက်ပါခြံရံ ပျံသန်းကြိုဆိုခဲ့ပြီး နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိဆင်းသက်သည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ★**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများက ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် တပ်မတော်လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ကြစဉ်။


**ယနေ့ ဖတ်စရာ**



**ရန်ကုန်မြို့တွင်ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ နှစ်နိုင်ငံဘက်မှသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေး**

စာမျက်နှာ » ၄

**ပညာရေးကိုဗဟိုပြုသော ဖွံ့ဖြိုးရေးမူဝါဒများဖြင့် အနာဂတ်နိုင်ငံတော်ကို ခိုင်မာစွာတည်ဆောက်**

ဆောင်းပါး စာမျက်နှာ » ၆

**မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း နှစ်(၁၀၀)ပြည့် အခမ်းအနားကျင်းပ**

စာမျက်နှာ » ၈

**လွတ်မြောက်လာသူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်လာကြကာ မိမိတို့၏ဆန္ဒသဘောထားများကို လွတ်လပ်စွာ ထုတ်ဖော်ပြသခွင့်ရရှိကြမည်**

စာမျက်နှာ » ၁၀

# ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အားလုံးပါဝင်နိုင်ရန်လက်ကမ်းကြိုဆို

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရန်အတွက် ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရန်ရည်ရွယ်၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်နှင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ကြားနာစစ်ဆေးဆဲအမှုများပိတ်သိမ်းခြင်းအမိန့်များကို နိုဝင်ဘာလ ၂၆ ရက်နေ့က ထုတ်ပြန်လိုက်သည်။

တစ်ဆက်တည်းတွင် အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံသားများအပေါ် TPS (Temporary Protected Status) ပေးထားမှုကို ရပ်ဆိုင်းလိုက်သည့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ကြားသိလိုက်ရသည်။ အဆိုပါ နိုင်ငံတော်က ထုတ်ပြန်သည့် လွတ်ငြိမ်းခွင့်၊ သက်သာခွင့်၊ ပိတ်သိမ်းခြင်းနှင့် အမေရိကန်အစိုးရ၏ ရပ်ဆိုင်းခြင်းအမိန့်များသည် မြန်မာနိုင်ငံသားများနှင့်ပတ်သက်၍ အပြုသဘောဆောင်အကောင်းမြင်ပြီး လူသားချင်းစာနာထောက်ထားမှုအပြည့်အဝဖြင့် မြန်မာနိုင်ငံနှင့် နိုင်ငံသားများအတွက် ကောင်းကျိုးများကို ဆောင်ကြဉ်းပေးနိုင်မည့် မင်္ဂလာရှိသောသတင်းစကားများဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည်ဖြစ်သည်။

အမေရိကန်နိုင်ငံအစိုးရ၏ သတင်းထုတ်ပြန်ချက်သည် မြန်မာနိုင်ငံ၏ လက်ရှိကာလ ပြောင်းလဲတိုးတက်လာသော အခြေအနေကောင်းများကြောင့်ဖြစ်သည်မှာ ပေါ်လွင်ထင်ရှားပေသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် အရေးပေါ်အခြေအနေမှ ရုပ်သိမ်းပေးခဲ့မှု၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးဆောင်ရွက်ပေးမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ငြိမ်းချမ်းရေးဆောင်ရွက်နိုင်မှု၊ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတည်ငြိမ်လာမှုနှင့် တိုးတက်မှုများကြောင့် အမေရိကန်နိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ လုံခြုံစွာပြန်နိုင်ရန်အတွက် ဆောင်ရွက်ချက်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိနိုင်သည်။

မြန်မာနိုင်ငံအစိုးရနှင့် အမေရိကန်နိုင်ငံအစိုးရတို့၏ ထုတ်ပြန်ချက်များသည် အပြုသဘောဆောင်၊ ကောင်းကျိုးဆောင်သည့် ထုတ်ပြန်ချက်များပင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီလ ၂ ရက်နေ့ကတည်းက နေရာဒေသအသီးသီးသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား အစိုးရက တရားဝင်ကြေညာချက်ထုတ်ပြန်ပြီး ဖိတ်ခေါ်ခဲ့သည်။ ယင်းတို့တွင် လူသတ်မှု၊ မုဒိမ်းမှု စသည့်ပြစ်မှုကြီးများကျူးလွန်ထားသူများအနေဖြင့် တရားဥပဒေအရ ရင်ဆိုင်ရမည်ဖြစ်ပြီး ကျန်နိုင်ငံသားများအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးသွားမည်ဟု ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါကြေညာချက်ကြောင့် ထွက်ပြေးတိမ်းရှောင်သူများစွာ ပြန်လည်ရောက်ရှိလာပြီး နိုင်ငံအတွင်း၌ ကောင်းမွန်စွာနေထိုင်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် ပြည်ထောင်စုအကျိုးအတွက် ဖိတ်ခေါ်ချက်များအနေဖြင့် PDF အမည်ခံ လက်နက်ကိုင်အုပ်စုများကိုလည်း တရားဥပဒေဘောင်အတွင်းဝင်ရောက်နိုင်ရန် ဖိတ်ခေါ်ခဲ့သည်။ အဆိုပါ ဖိတ်ခေါ်ချက်ကြောင့် PDF အမည်ခံ လက်နက်ကိုင်အဖွဲ့ဝင် ရာပေါင်းများစွာ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြပြီး ဆက်လက်၍လည်း တဖွဲဖွဲဝင်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်၍ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန် ကမ်းလှမ်းဖိတ်ခေါ်ချက်ကိုလည်း ထုတ်ပြန်ခဲ့သည်။ အဆိုပါဆောင်ရွက်ချက်များသည် နိုင်ငံတော်အစိုးရက နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားကို ရှေးရှု၍ အပြုသဘောဆောင် အကောင်းမြင်စိတ်ထားဖြင့် သဘောထားကြီးစွာ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၌ မကြာမီကာလတွင် ပြည်သူများ၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အမေရိကန်နိုင်ငံရောက် မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လာပြီး အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်မည့်အခွင့်အရေးများ ရရှိကြမည်ဖြစ်သည်။ အလားတူ အကြောင်းအမျိုးမျိုး၊ ခံယူချက်အမျိုးမျိုးဖြင့် ဥပဒေဘောင်မှဖယ်ခွာပြီး လမ်းမှားရောက်နေကြသောသူများ၊ ဥပဒေအရ ပြစ်ဒဏ်ကျခံနေသည့်သူများ၊ ဥပဒေအရ ရင်ဆိုင်နေရသူများကိုလည်း ဥပဒေပြစ်ဒဏ်အမှုများမှ ဖြေလျှော့သက်သာခွင့်ပေးလိုက်ပြီဖြစ်ရာ နိုင်ငံတော်အစိုးရ၏ မွန်မြတ်သောစိတ်ထားနှင့် ဆောင်ရွက်ချက်များကို လေးစားသောအားဖြင့် စည်းကမ်းပြည့်ဝပြီး ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံတည်ဆောက်နိုင်ရန် လက်ကမ်းကြိုဆိုမှုတွင် အားလုံးပါဝင်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဘီးလင်းမြို့နယ်၌ သစ်တောထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဟောပြော

ဘီးလင်း နိုဝင်ဘာ ၂၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ်သစ်တောဦးစီးဌာနသည် အခြေခံပညာဦးစီးဌာနနှင့်ပူးပေါင်း၍ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမက(အင်းဝိုင်းကုန်း)၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခိုင်မွန်က သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများကိုဟောပြောပြီး သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများထံ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အမရပူရမြို့နယ်၌ စွမ်းရည်မြှင့်တင်ပြိုင်ပွဲများ ကျင်းပ

**အမရပူရ နိုဝင်ဘာ ၂၇**

ကျောင်းသားကျောင်းသူလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စွမ်းရည်မြှင့်တင်ပြိုင်ပွဲများကို ယနေ့နံနက် ၁၀ နာရီက အမရပူရမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းက ပြိုင်ပွဲများကျင်းပရခြင်းရည်ရွယ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စွမ်းရည်မြှင့်တင်ပြိုင်ပွဲများကို ကျင်းပရာ အခြေခံပညာမူလတန်းကျောင်း(ပိန်းတန်း)မှ Grade-4 ကျောင်းသား ကျောင်းသူ ၃၅ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

စွမ်းရည်မြှင့်တင်ပြိုင်ပွဲများတွင် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲစသည့်ပြိုင်ပွဲအမျိုးအစားသုံးမျိုးပါဝင်ခဲ့ပြီး အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသူများအား စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စိုးသီဟ(အမရ)**

## အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၂၇**

ယနေ့နံနက် ၁၁ နာရီ ၂၆ မိနစ် ၂၈ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်ဘက် ၉၆၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Northern Sumatra, Indonesia)၊ မြောက်လတ္တီတွဒ် ၂ ဒသမ ၈၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၀ ဒီဂရီ၊ အနက် ၃၉ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာ စကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

## လျှပ်စစ်သုံးယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Fara Myanmar EV Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ3X အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ 99 Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC AION V အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Qingdao CRRC Sifang Rolling Stock Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X၊ Dongfeng Voyah Courage နှင့် Dongfeng Venucia VX6 450 Air အမျိုးအစား လျှပ်စစ်သုံးယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၇ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၈၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၁၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၅၀၀ | ၆၅၂ | ၅,၅၉၅,၆၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၀၀ | ၁၃၂ | ၄၇၅,၁၅၀ |
| MCB | ၇,၇၀၀ | ၇,၆၀၀ | ၂၂ | ၁၆၇,၄၀၀ |
| FPB | ၂,၁၀၀ | ၂,၁၀၀ | ၁,၂၁၉ | ၂,၅၅၉,၉၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၂၄ | ၇၀,၈၀၀ |
| EFR | ၁,၇၀၀ | ၁,၆၅၀ | ၈၆၂ | ၁,၄၂၃,၁၀၀ |
| AMATA | ၃,၆၀၀ | ၃,၆၀၀ | ၀ | ၀ |
| MAEX | ၃,၁၅၀ | ၃,၁၅၀ | ၁,၁၉၈ | ၃,၇၄၀,၂၀၀ |
| MADPL(PLB) | ၂,၆၀၀ | ၂,၆၀၀ | ၄၂ | ၁၀၉,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေးဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ဝ၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ဝ၆၇-၃၆၁၂၈၊ ဝ၆၇-၃၆၁၃၀၊ ဖက်စ် ဝ၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ဝ၁-၂၉၂၈၃၂
မန်နေဂျာ - ဝ၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ဝ၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ဝ၁-၂၉၂၈၃၀၊ ကြော်ငြာ ဝ၁-၃၉၇၃၃၀၊ ဖက်စ် ဝ၁-၂၀၃၃၅၁

★ **ရှေ့ဖုံးမှ**

လေဆိပ်သို့ ရောက်ရှိစဉ် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့အား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင်ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ကော်ဇောနီ လျှောက်လမ်း တစ်လျှောက် အလေးပြု ကြိုဆိုကြပြီး တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များက ရိုးရာယဉ်ကျေးမှု အကအလှတို့ဖြင့် ကြိုဆိုကပြ ဖျော်ဖြေကြကာ ကျောင်းသား ကျောင်းသူများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍ "ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးကျန်းမာပါစေ၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအစွန့်ရှည်ပါစေ"ဟု ကြွေးကြော်၍ လည်းကောင်း၊ လမ်းဘေး ဝဲယာတစ်လျှောက် နှစ်နိုင်ငံ အထိမ်းအမှတ်အလံများ စိုက်ထူခြင်း၊ ရောင်စုံမီးအလှဆင်ထားရှိခြင်း၊ "ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ အလက်ဇန္ဒားလူကာရှန်ကိုအား မြန်မာနိုင်ငံမှ လှိုက်လှဲစွာကြိုဆိုပါ၏" ဟု ရေးသားဖော်ပြကြိုဆိုထားသည့် LED ပိုစတာကြီးများ စိုက်ထူခြင်းဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့၏ သံတမန်ဆက်ဆံမှုမှာ ၂၆ နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနေဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်အဆင့် ချစ်ကြည်ရေး ခရီး နှစ်ကြိမ် သွားရောက်ခဲ့ပြီး ယခုအခါ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko အနေဖြင့်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ခြင်းဖြစ်ကာ ယခုခရီးစဉ်သည် နှစ်နိုင်ငံသံတမန်ဆက်ဆံမှုကာလ အတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတစ်ဦး၏ ပထမဆုံး သမိုင်းဝင်ခရီးစဉ် ဖြစ်ကြောင်း၊ ချစ်ကြည်ရေး ခရီးစဉ်ရောက်ရှိစဉ်အတွင်း ဘယ်လာရုစ်သမ္မတ နိုင်ငံသမ္မတသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ အကြား ချစ်ကြည်ရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာကိစ္စရပ်များအား တွေ့ဆုံ ဆွေးနွေးခြင်း၊ နှစ်နိုင်ငံအကြား နားလည်မှု စာချွန်လွှာများ လက်မှတ် ရေးထိုးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုကဲ့သို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခြင်းအားဖြင့် နှစ်နိုင်ငံ အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ မြှင့်တင်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာများ အပြန်အလှန်ဖလှယ်နိုင်ခြင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုနည်းပညာများ အပြန်အလှန် ဖလှယ်နိုင်ခြင်းနှင့် နှစ်နိုင်ငံ အကြား နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရှုဇန်ကော့ဗ်တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ်နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ မက်ဆင် ရှုဇန်ကော့ဗ်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများ အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရေး အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်သွားရေးနှင့် ပတ်သက်၍ ဆွေးနွေးကြပြီး လက်ရှိအချိန်တွင် နှစ်နိုင်ငံအကြား ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာသည်နှင့်အမျှ ရလဒ်ကောင်းများ ထွက်ပေါ်နေသည့် အခြေအနေများကို အမြင်ချင်း ဖလှယ်၍ နှစ်နိုင်ငံအကျိုး ဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားနိုင်ရေးအတွက် ပိုမိုနီးကပ်စွာ လက်တွဲဖော်ဆောင်သွားရေးတို့ကို ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ Belarusian State University (BSU)၊ Belarusian State University of Informatics and Radioelectronics (BSUIR) တို့ အစည်းအဝေးပြုလုပ်



**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တက္ကသိုလ်၊ မန္တလေး တက္ကသိုလ်၊ မန္တလေးနိုင်ငံခြား ဘာသာတက္ကသိုလ်တို့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ Belarusian State University (BSU)၊ Belarusian State University of Informatics and Radioelec–tronics (BSUIR) တို့အကြား ပညာရေးဆိုင်ရာ ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေး အတွက် နှစ်နိုင်ငံတက္ကသိုလ်များအကြား တွေ့ဆုံဆွေးနွေးမှုကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန် တက္ကသိုလ် ဘွဲ့နှင်းသဘင် ကောင်စီခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ Belarusian State University (BSU) မှ ပါမောက္ခချုပ် Andrei Karol၊ Belarusian State University of Informatics and Radioelectro–nics (BSUIR) မှ ပါမောက္ခချုပ် Vadim Bogush တို့နှင့်အတူ ရန်ကုန်တက္ကသိုလ်၊ မန္တလေး တက္ကသိုလ်၊ မန္တလေးနိုင်ငံခြား ဘာသာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင်မောင်ထွန်းက ကြိုဆို မိတ်ဆက်စကား ပြောကြားပြီး BSU ပါမောက္ခချုပ် Prof. Andrei Karol၊ BSUIR ပါမောက္ခချုပ် Vadim Bogush၊ မန္တလေး တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ နေဝင်းဦးနှင့် မန္တလေးနိုင်ငံခြား ဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင့်တင့်တို့က မိတ်ဆက်စကားများ ပြောကြားကာ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မှ တာဝန်ရှိသူများက တက္ကသိုလ်များနှင့် ပတ်သက်သည့်အချက်အလက်များကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ရန်ကုန် တက္ကသိုလ်နှင့် Belarusian State University of Informatics and Radioe–lectronics (BSUIR) တို့အကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှု Letter of Agreement (LoA) ကို လက်မှတ်ရေးထိုးကြသည်။ ထို့နောက် နှစ်နိုင်ငံ တက္ကသိုလ်များ အချင်းချင်း အမှတ်တရ လက်ဆောင်များ အပြန်အလှန် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေခရီးဖွင့် ရွှေညှိသည်

★ မြန်မာနှင့် ဘယ်လာရုစ်
တွယ်တာမှု သံယောဇဉ်။
နှစ်နိုင်ငံ ရွှေလမ်းဖောက်
လျှောက်လှမ်းတူယှဉ်။
တစ်မြေခြားသော်လည်း
ဆွေသားသို့ ခင်မင်
ဖြူစင်တဲ့ စိတ်ရင်း။
အနှစ်တည် ချစ်ကြည်ရေး
မွေးပျိုးကြိုင်သင်း။

★ ဘယ်လာရုစ်နိုင်ငံက
သမ္မတကြီး ရောက်ရှိလာ။
ပျော်ရွှင်စွာ ကြိုဆိုကြ
အားရဝမ်းသာ။
သမ္မတကြီးက လမင်းပမာ
မင်္ဂလာ ကျက်သရေရှိ။
လေညင်းဖြာ ပန်းလိုမွှေးတယ်
အေးမြပါ၏။

★ ဘယ်လာရုစ် သမ္မတကြီး
ရွှေခရီးဖွင့် ရွှေညှိသည်(သယ်)။
နှစ်နိုင်ငံ ကောင်းကျိုးများကို
တိုးပွားဖို့ ရှယ်။
အိမ်သာလို့ ညှိလာတယ်
ဂုဏ်ယူဖွယ် အလွန်ကောင်း။
ညှိဝတ်ကျေ မြန်မာများက
လေးစားပါကြောင်း။

★ ရွှေညှိသည် သမ္မတကြီးက
ရင်းနှီးလို့ မြုပ်နှံ။
ကဏ္ဍစုံ ရေရှည်အကျိုးကို
သယ်ပိုးဆောင်ရန်။
စိတ်အားက ထက်သန်
နှစ်နိုင်ငံ ပူးပေါင်း။
ကြံတိုင်းအောင် ဆောင်လို့နဲ့မယ်
အောင်ပွဲဆင့်လောင်း။ ။

**မောင်ကျော်(ပညာရေး)**

# ရန်ကုန်မြို့တွင်ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ နှစ်နိုင်ငံဘက်မှ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနှင့် ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံကုန်သည် / စက်မှုအသင်းများဖြစ်ကြသော UMFCCI နှင့် BelCCI တို့ပူးပေါင်း၍ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ LOTTE ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းတို့နှင့် ဘယ်လာရုစ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV ဦးဆောင်သည့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးတာဝန်ခံ နိုင်ငံပိုင် အသေးစားစက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဝန်ကြီး၊ စက်မှုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီးတို့ တက်ရောက်အားပေးခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှ အဆင့်မြင့် အရာရှိကြီးများ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် စုစုပေါင်းဦးရေ ၁၃၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး၊ နှစ်နိုင်ငံအကြီးအကဲများ၏ မဟာဗျူဟာမြောက်လမ်းညွှန်ချက်နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဘောင်များ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် EAEU ဈေးကွက်သို့ ချိတ်ဆက်နိုင်မည့် အခြေအနေများကို အဓိကထား ဆွေးနွေးပြောကြားသည်။

**ပြောကြား**

ဆက်လက်၍ ဘယ်လာရုစ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးတာဝန်ခံ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ H.E. Ms. Nadezhda LAZAREVICH တို့က အမှာစကားများပြောကြားသည်။

ထို့နောက် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက သဘောတူလက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းစာချုပ် ၁၆ စောင်အား အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

ယင်းနောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းနှင့် နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များက ကဏ္ဍအလိုက် Powerpoint Presentation ဖြင့် ဆွေးနွေးခြင်း အစီအစဉ်များကို ဆောင်ရွက်ခဲ့ကြပြီး စီးပွားရေးချိတ်ဆက်ဆွေးနွေးခြင်းများကို ဆောင်ရွက်ကြသည်။



မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကျင်းပစဉ်။

ယနေ့ ဆွေးနွေးပွဲတွင် ဘဏ်နှင့်ငွေကြေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေးအခြေခံ စက်မှုကုန်ထုတ်လုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို အဓိကဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးညှိနှိုင်း**

အခမ်းအနားသို့ တက်ရောက်လာကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့သည် နံနက်ပိုင်းဖိုရမ် မစတင်မီအချိန်တွင် ဘယ်လာရုစ်နိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်လည်း သီးခြားစီတွေ့ဆုံ၍ မိမိတို့ကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်သွားနိုင်မည့် အသေးစိတ်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**ဦးတည်ဆွေးနွေး**

မြန်မာ-ဘယ်လာရုစ် ပူးတွဲကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဘက်မှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV တို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် သီးခြားတွေ့ဆုံကာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် နီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တတိယအကြိမ် ပူးတွဲကော်မတီ ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးကိစ္စများအတွက် ဦးတည်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)နှင့် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များအပေါ် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံစိုက်ပျိုးရေးနှင့် အစားအစာဝန်ကြီး H.E. Mr. Yury GORLOV နှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးထုတ်ကုန်များနှင့် စားသောက်ကုန်များ အပြန်အလှန်ကုန်သွယ်မှု တိုးတက်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ မြန်မာနိုင်ငံက ထွက်ရှိသည့် ဆန်၊ ရော်ဘာ၊ အခွံမာသီး၊ သစ်သီးဝလံနှင့် ကော်ဖီတို့ကို တင်ပို့နိုင်ရေးနှင့် ဘယ်လာရုစ်နိုင်ငံမှ ဒိန်ခဲနှင့် ထောပတ်တင်သွင်းနိုင်ရေးကိစ္စရပ်များကို လည်းကောင်း၊ တင်ပို့/ တင်သွင်းဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ပေးရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်ဆောင်ရွက်ရေး ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဘယ်လာရုစ်သမ္မတနိုင်ငံစက်မှုဝန်ကြီး H.E. Mr. Andrei KUZNETSOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် အလို့ငှာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရန်အတွက် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာ (Memorandum of Intent-MoI) ကို လက်မှတ်ရေးထိုးပြီးဖြစ်ခြင်းကြောင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ အဆိုပါ MoI နှင့် Roadmap တို့အပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ အလားအလာရှိသည့် စက်မှုကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လည်းကောင်း၊ မြန်မာနိုင်ငံတွင် အဓိကလိုအပ်နေသည့် ကင်ဆာရောဂါကုသဆေးဝါးများ ထုတ်လုပ်နိုင်ရေးနှင့် ကင်ဆာရောဂါကုသဆေးဝါး ထုတ်လုပ်မှုနည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ သင်ကြားလေ့ကျင့်မှုများ ကိစ္စရပ်များကို လည်းကောင်း၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း၊ MSME ဖွံ့ဖြိုးရေးနှင့် နှစ်နိုင်ငံ MSME ထွက်ကုန်များ ဈေးကွက်ရရှိရေး ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**







မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက သဘောတူလက်မှတ်ရေးထိုးလဲလှယ်စဉ်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) သိုလှောင်ရုံဌာနခွဲ (ရွာသာကြီး) မြေကွက်လပ်နေရာရှိ သိုလှောင်ရုံဆောက်လုပ်ရန်နေရာသို့ ကွင်းဆင်းကြည့်ရှု



**နေပြည်တော် နိုဝင်ဘာ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) လမ်းမကြီးအနီး အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) သိုလှောင်ရုံဌာနခွဲ(ရွာသာကြီး) ဝင်းအတွင်းရှိ မြေကွက်လပ်နေရာသို့ သွားရောက်ကြည့်ရှုသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဘေးသင့်ဒေသများ၌ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အိမ်ရာများ၊ ရုံးများ၊ အဆောက်အအုံများ တည်ဆောက်ဆဲကာလတွင် ယာယီအသုံးပြုလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းထားသည့် ယာယီအိမ်ရာများ၊ (Container House)၊ ယာယီရုံးများ( Container Office) များကိုအမြဲတမ်းအဆောက်အအုံများ ဆောက်လုပ်ပြီးစီးသွားပါက စနစ်တကျပြန်လည်သိမ်းဆည်းထားရှိနိုင်ရေး အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် သိုလှောင်ရုံဆောက်လုပ်နိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရေဝင်/ရေဝပ်နိုင်သည့် နေရာဖြစ်သောကြောင့် သိုလှောင်ရုံကို ရေလွတ်နိုင်သည့်အမြင့်အထိ ဆောက်လုပ်နိုင်ရေး၊ သိုလှောင်ရုံဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းနှင့် ညီညွတ်မှုရှိစေရေး၊ မြေအခြေအနေနှင့် သိုလှောင်ထားရှိမည့် Container များ၏ ခံနိုင်ဝန်တို့ကိုစနစ်တကျတွက်ချက်၍ ရေရှည်အသုံးပြုနိုင်ပြီး စက်ယန္တရားများဖြင့် သယ်ဆောင်အတင်အချပြုလုပ်နိုင်သည့် ပုံစံဒီဇိုင်းနှင့် အကျယ်အဝန်းရှိသည့် သိုလှောင်ရုံများဖြစ်စေရေး အဘက်ဘက်မှ ထည့်သွင်းတွက်ချက်တင်ပြရန်မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## သက်ကြီးသတင်းစာပညာရှင်ကြီးများအတွက် ဒုတိယအကြိမ် ကူညီလှူဒါန်းပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ဦးစီး၍ သက်ကြီးသတင်းစာပညာရှင်ကြီးများအတွက် ပထမအကြိမ် ကူညီလှူဒါန်းမှုကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလက ပြုလုပ်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ဒုတိယအကြိမ် ကူညီလှူဒါန်းမှုပြုလုပ်နိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၆ ရက်က ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက မတည်လှူဒါန်းငွေကျပ် ၁၀ သိန်းနှင့် ကောင်စီဝင်များ စုပေါင်းလှူဒါန်းငွေကျပ် ၂၅ သိန်း စုစုပေါင်းငွေကျပ် ၃၅ သိန်းကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့်အဖွဲ့ဝင်များက သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီခေါင်းဆောင် ဦးခင်မောင်ကျော်ဒင်ထံ ပေးအပ်သည်။

သက်ကြီးသတင်းစာပညာရှင်ကြီးများအား ဒုတိယအကြိမ်ထောက်ပံ့လှူဒါန်းပွဲတွင် ပါဝင်လှူဒါန်းလိုပါက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အမှတ် ၃၉၂ - ၃၉၆ ကုန်သည်လမ်း (၉)ရပ်ကွက် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၄၂၉၂၅၈၇၁၉၊ ၀၉-၄၄၈၀၂၆၃၂၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ သတင်းစဉ်

## မကွေးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့်ပေးအပ်

**မကွေး နိုဝင်ဘာ ၂၇**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က မန္တလေးငလျင်ဘေးသင့်အာမခံအလုပ်သမားများအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် အာမခံအလုပ်သမားများ၏ အချိန်ပြည့် ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့မှု အကျိုးခံစားခွင့် ၁၀ ရာခိုင်နှုန်း ပေးအပ်ခြင်း အခမ်းအနားကို မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် မကွေးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသည့် အလုပ်ဌာန ၂၇၄ ဌာနနှင့် အာမခံအလုပ်သမား ၄၃၈၀ ရှိသည့်အနက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းအတွက် အလုပ်ဌာန ၈၈ ဌာနမှ အာမခံအလုပ်သမား ၁၅၃၆ ဦးအတွက် ထောက်ပံ့ကြေးငွေ ၁၄၃၉၈၉၃၅၄ ဒသမ ၈၀ ကျပ်နှင့် ပညာသင်စရိတ်အကျိုးခံစားခွင့် ၁၀ ရာခိုင်နှုန်းအတွက် အလုပ်ဌာန ၁၃၂ ဌာနရှိ အာမခံအလုပ်သမား ၇၉၉ ဦး၏ သားသမီး ၁၀၉၉ ဦးအတွက် ထောက်ပံ့ကြေး ငွေကျပ် ၄၄၁၉၀၀၀၀ စုစုပေါင်းငွေကျပ် ၁၈၈ ဒသမ ၁၈ သန်းအား တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ဦးက အလုပ်ဌာနများကိုယ်စား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မီးခိုး၊ မြူခိုးလျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေး ဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၌ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူခိုး လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ် (၁၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် ပြုလုပ်သည်။



ဦးစွာ သစ်တောဦးစီးအရာရှိ ဦးဇော်ထွန်းနိုင်က သစ်တောထိန်းသိမ်းကာကွယ်ခြင်း၊ တောမီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းနှင့် သက်ရောက်မှုများ၊ မဲခေါင်ဒေသနိုင်ငံများ၏မီးလောင်မှုအရေအတွက် (Fire Hotspot) နှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ဖြစ်ပေါ်မှုအခြေအနေ၊ မီးလောင်မှုအတွက် (Fire Hotspot) ဖြစ်ပေါ်မှု လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆောင်ရွက်မှု အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ထုတ်ဝေသည့် လက်ကမ်းစာစောင်များကို သစ်တောဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကုမ္ပဏီများအတွက်အခွန်ဆိုင်ရာအခြေခံ သိရှိလိုက်နာရမည့်အချက်များ ရှင်းလင်း



**ရန်ကုန် နိုဝင်ဘာ ၂၇**

ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄) ၏ အခွန်ဆိုင်ရာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက ကမ္ဘာအေးဘုရားလမ်း စိမ်းလဲ့မေရိပ်သာလမ်းသွယ်ရှိ အဆိုပါရုံး၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၄) ဌာနမှူးက အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူးက ကုမ္ပဏီများအတွက် အခွန်ဆိုင်ရာအခြေခံသိရှိလိုက်နာရမည့် အချက်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းအခွန်ဆိုင်ရာရှင်းလင်းပွဲသို့ ကုမ္ပဏီ ၁၆၀ မှ တာဝန်ရှိသူ ၁၈၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ဗလ



ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် သီရိရွှေသာဈေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းရောထိုက်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစကောင်းလင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဝင်များနှင့် ဈေးကော်မတီအဖွဲ့ဝင်များ ပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်စဉ်။

မင်းထက်သာ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပညာရေးကိုဗဟိုပြုသော ဖွံ့ဖြိုးရေးမူဝါဒများဖြင့် အနာဂတ်နိုင်ငံတော်ကို ခိုင်မာစွာတည်ဆောက်

ဒေါက်တာပေါင်ရှင့်ကမ်း

**နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံ၏ စီးပွားရေး၊ နည်းပညာ၊ လူမှုရေးအဆင့်အတန်း အစရှိသည့်အချက်များဖြင့် ရှုမြင်သုံးသပ်နိုင်ပါသည်။ အဆိုပါအချက်များသည် သမိုင်းအစဉ်အလာတစ်လျှောက် စီမံခန့်ခွဲမှုအချုပ်အခြာ၊ စီးပွားရေး၊ လူမှုရေး၊ နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရရှိနိုင်ရန် နိုင်ငံအတွင်း နေထိုင်လျက်ရှိသော လူမျိုးပေါင်းစုံ၊ လူတစ်ဦးချင်းစီနှင့် လူမှုအဖွဲ့အစည်းများ၏ တွေးခေါ်မြော်မြင်မှု၊ ရှုမြင်သုံးသပ်မှု၊ လုပ်ကိုင်ဆောင်ရွက်မှုအပေါ် များစွာ မူတည်ပါသည်။**

ထိုတွေးခေါ်ရှုမြင်သုံးသပ်လုပ်ကိုင်ဆောင်ရွက်မှုတို့သည် နေထိုင်ဆင်းသက်လာသော လူမျိုးများ၏ယဉ်ကျေးမှု၊ဘာသာရေးထုံးတမ်းစဉ်လာများအရ တစ်စိတ်တစ်ဒေသ မူတည်ကွဲပြားနိုင်သော်လည်း အခြေခံအုတ်မြစ်မှာ ပညာရေးစနစ်နှင့် လူ့ဘောင်အဖွဲ့အစည်းအတွင်း တွေးခေါ်မြော်မြင်မှု အားကောင်းသော ပညာတတ်များ မွေးမြူထုထောင်ခြင်းပင်ဖြစ်သည်။ ကမ္ဘာ့သမိုင်းတစ်လျှောက် ခေတ်မီဖွံ့ဖြိုးသော နိုင်ငံများအားလုံး၏ အောင်မြင်တိုးတက်မှုများကို သေချာစွာ ဆန်းစစ်ကြည့်လျှင် ခိုင်မာသည့် ပညာရေးစနစ်ရှိသော နိုင်ငံများသာ စီးပွားရေး၊ နည်းပညာ၊ လူမှုရေးစသည့် နယ်ပယ်အသီးသီးတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိခဲ့ကြောင်း အထင်အရှားတွေ့မြင်နိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုအားပေးကြိုးပမ်းရန် ဦးစားပေးအလေးထား ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ပညာရေးဆိုင်ရာ ထိုးထွင်းသိမြင်မှုသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံနှင့် လူသားအရင်းအမြစ်ကို မွေးထုတ်ပေးသော ပင်မချက်ကြွေပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမှသည် နည်းပညာအသစ်များ တီထွင်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအထိ၊ လူမှုရေးပြဿနာများ ဖြေရှင်းရေးမှသည် ဒီမိုကရေစီစနစ် ခိုင်မာစေရေးအထိ နယ်ပယ်အားလုံးတွင် ပညာတတ်၊ အသိပညာရှိသော၊ တွေးခေါ်မြော်မြင်မှုရှိသော နိုင်ငံသားများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။

### စဉ်ဆက်မပြတ် လေ့လာသင်ယူ

အရည်အချင်းပြည့်ဝသော လူငယ်များသည် နိုင်ငံ၏ အနာဂတ်ကို ပြောင်းလဲမြှင့်တင်နိုင်စွမ်းရှိပါသည်။ ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝအဆင့်အတန်းကို မြှင့်တင်ပေးရုံသာမက နိုင်ငံတစ်ခုလုံး၏ဖွံ့ဖြိုးမှုအဆင့်ကိုပါ အဆုံးအဖြတ်ပေးနိုင်သော သော့ချက်ဖြစ်သည်။ ပညာရေးဆိုသည်မှာ အစိုးရတစ်ရပ်တည်း၏ တာဝန်သာမဟုတ်ဘဲ ပုဂ္ဂလိကကဏ္ဍ၊ ရပ်ရွာအသိုင်းအဝိုင်းများနှင့် မိဘအုပ်ထိန်းသူများသာမက ကာယကံရှင် မျိုးဆက်သစ်များကိုယ်တိုင် ပူးပေါင်းပါဝင်ရမည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ထို့အပြင် လူအားလုံးသည်လည်း မွေးဖွားသည်မှ သေဆုံးသည်အထိ ကျောင်းပညာရေး၊ တက္ကသိုလ်ပညာရေး၊ လုပ်ငန်းခွင်ဆိုင်ရာ၊ သိပ္ပံနှင့်ဝိဇ္ဇာဘာသာရပ်ဆိုင်ရာပညာရပ်များ၊ လူမှုနယ်ပယ်ဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာပညာများကို မိမိနှင့်တကွ နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ စဉ်ဆက်မပြတ် လေ့လာသင်ယူ နေထိုင်သွားရမည်ဖြစ်ပါသည်။

ထို့ကြောင့်ပင် ပညာရေးဆိုသည်မှာ စာဖတ်ခြင်း၊ ရေးသားခြင်း၊ ဂဏန်းတွက်ခြင်းမျှသာမက ဘဝတစ်သက်တာ သင်ယူလေ့လာမှု၊ ပြဿနာဖြေရှင်းနိုင်စွမ်း၊ အကြောင်းအရာများကို ဝေဖန်ပိုင်းခြားစဉ်းစားတတ်သော စွမ်းရည်များကိုပါ ပိုင်ဆိုင်စေရန် ပံ့ပိုးပေးခြင်းဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံများသည် ၎င်းတို့၏ ပညာရေးစနစ်ကို ရင်းနှီးမြှုပ်နှံခြင်းဖြင့် နိုင်ငံသားတိုင်း၏ ဉာဏ်ပညာစွမ်းအားကို အများဆုံး ဖော်ထုတ်နိုင်ခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလမ်းစသည် ပညာရေးမြှင့်တင်မှုသာ ဖြစ်သည်မှာ မလွဲဧကန် အမှန်စင်စစ်သာ ဖြစ်ပါသည်။

ယနေ့ကမ္ဘာသည် ပညာရေးနှင့်ပတ်သက်၍ လေ့လာသင်ယူမှုများကို လွယ်လင့်တကူ ရှာဖွေလေ့လာနိုင်ပြီး လေ့လာသင်ယူမှု အားကောင်းလျှင် အားကောင်းသလောက် ရရှိနိုင်သော နည်းပညာဒစ်ဂျစ်တယ်ခေတ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ထို့အပြင် ဉာဏ်ရည်တု၊ အင်တာနက်အခြေပြုလုပ်ငန်းများ၊ ဒေတာသိပ္ပံ စသည့်နယ်ပယ်သစ်များတွင် ကျွမ်းကျင်သူများ လိုအပ်လျက်ရှိပါသည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများလည်း ယနေ့ခေတ်တွင် လူသားတိုင်း ရင်ဆိုင်နေရသည်ကို အားလုံးသိမြင်ကြပြီးဖြစ်ပါသည်။

> **ပညာရေးဆိုင်ရာ ထိုးထွင်းသိမြင်မှုသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံနှင့် လူသားအရင်းအမြစ်ကို မွေးထုတ်ပေးသော ပင်မချက်ကြွေပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှသည် နည်းပညာအသစ်များ တီထွင်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအထိ၊ လူမှုရေးပြဿနာများ ဖြေရှင်းရေးမှသည် ဒီမိုကရေစီစနစ် ခိုင်မာစေရေးအထိ နယ်ပယ်အားလုံးတွင် ပညာတတ်၊ အသိပညာရှိသော၊ တွေးခေါ်မြော်မြင်မှုရှိသော နိုင်ငံသားများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီး**

### ဆရာ ဆရာမများ၏ အရည်အသွေးကိုမြှင့်တင်

တစ်ကိုယ်ရေ အသက်မွေးဝမ်းကျောင်းမှုမှသည် စိုက်ပျိုးရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ကဏ္ဍအလိုက် နေ့စဉ်စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ကျွန်ုပ်တို့၏ ပညာရေးစနစ်ကို ခေတ်နှင့်အညီ အဆက်မပြတ် ပြုပြင်ပြောင်းလဲပြီး စဉ်ဆက်မပြတ် သင်ယူမှုပတ်လမ်း (Lifelong Learning) ကို မြှင့်တင်ပေးရပါမည်။ အခြေခံပညာအဆင့်တွင် ကလေးငယ်တိုင်း အရည်အချင်းမပြတ်တက်ရောက်နိုင်ရေး၊ ဆရာ ဆရာမများ၏ အရည်အသွေး မြင့်မားရေး၊ သင်ရိုးညွှန်းတမ်းများ ခေတ်မီရေးတို့ကို အာရုံစိုက်ရန် လိုအပ်သည်။ ဆရာများသည် နိုင်ငံ၏အနာဂတ်ကို ပုံဖော်သူများဖြစ်သည်ဟု ဆိုရိုးရှိရာ ၎င်းတို့၏ အရည်အသွေးကို မြှင့်တင်ခြင်းသည် ပညာရေးအရည်အသွေး တိုးတက်စေရန်အတွက် အဓိကသော့ချက်တစ်ခုပင် ဖြစ်ပါသည်။

တက္ကသိုလ်ပညာရေးသည် သုတေသနနှင့် ဆန်းသစ်တီထွင်မှုကို ဗဟိုပြုသင့်သည်။ ကျက်မှတ်ခြင်းများထက် ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းနှင့် ဆန်းသစ်တီထွင်နိုင်စွမ်းရှိစေရန်၊ လက်တွေ့နှင့် စာတွေ့ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊ တွေးခေါ်မြော်မြင်မှုရှိရန်၊ ထိုးထွင်းသိမြင်မှုရှိရန်တို့ကို ပိုမိုအားပေးသင်ကြားပေးရမည်။ စက်မှုလက်မှုနှင့် သက်မွေးပညာရပ်ဆိုင်ရာ ပညာရေး (TVET) ကိုလည်း အထူးအလေးထားမြှင့်တင်ရန် လိုအပ်သည်။ သို့မှသာ နိုင်ငံတွင်း သက်မွေးပညာ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများထူထောင်နိုင်ပြီး ဈေးကွက်တွင်လိုအပ်သော ကျွမ်းကျင်လုပ်သားအင်အားကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

ပညာရေးနှင့် စီးပွားရေးကဏ္ဍအကြား ချိတ်ဆက်မှုများ ပိုမိုခိုင်မာစေရန်လိုအပ်ပြီး စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများ၊ ပေါင်းစပ်ဆောင်ရွက်နိုင်မည့် သင်ရိုးညွှန်းတမ်းများအပြင် ကြီးမားကျယ်ပြန့်လာသော လူမှုအဖွဲ့အစည်းများအတွက် အခွန်အခ၊ မူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်နှင့် လိုက်နာသိရှိနိုင်ရန်အတွက် ဥပဒေပညာရပ်များ၊ နိုင်ငံရေးသိပ္ပံပညာရပ်များကိုလည်း ထည့်သွင်းရေးဆွဲသင့်သည်။ နည်းပညာ ဒစ်ဂျစ်တယ်ခေတ်သို့ ရောက်ရှိလာသည်နှင့်အမျှ မီဒီယာဆိုင်ရာအသုံးပြုမှု၊ သတင်းအချက်အလက်ဆိုင်ရာ စိစစ်သုံးသပ်ရှုမြင်မှုတို့တွင်လည်း အတွေးအခေါ် အသိပညာမြှင့်တင်ပေးရန် လိုအပ်လျက်ရှိရာ ပညာရေးတွင် ထည့်သွင်းရေးဆွဲ ပညာပေးသင့်ပါသည်။

သို့မှသာ ကျွန်ုပ်တို့၏ နောင်လာနောက်သားများက ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော အသိပညာ၊ အတတ်ပညာများဖြင့် မိမိကိုယ်ကို၊ မိမိနိုင်ငံကို ကမ္ဘာ့ရင်ခွင်တွင် ဂုဏ်တင်နိုင်မည်ဖြစ်သည်။ ပညာရေးသည် ဆင်းရဲနွမ်းပါးမှုကိုတိုက်ဖျက်ရန်၊ လူတန်းစား ကွာဟချက်ကို လျှော့ချရန်အထိရောက်ဆုံးသော လက်နက်ကြီးတစ်ခုလည်းဖြစ်သည်။ ပညာရေးသည် လူတစ်ဦးချင်းစီအား မိမိ၏ဘဝကို ပြန်လည်ပုံဖော်ခွင့်၊ လူမှုအသိုင်းအဝိုင်းအတွင်း တက်ကြွစွာ ပါဝင်ခွင့်နှင့် နိုင်ငံဖွံ့ဖြိုးရေးတွင် အကျိုးပြုခွင့်များကို ဖန်တီးပေးနိုင်သည်။ ထို့ကြောင့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုကာ ပညာရေးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း၊ အဖွဲ့အစည်းတိုင်းက မိမိတတ်စွမ်းသလို ဝိုင်းဝန်းကြိုးပမ်းကြပါစို့။

### နိုင်ငံ၏အနာဂတ်အတွက် အမြတ်အစွန်း အများဆုံး ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်

ပညာတတ်သော မျိုးဆက်သစ်လူငယ်များသည် မြန်မာ့အနာဂတ်ကို စီမံခန့်ခွဲမည့် ခေါင်းဆောင်ကောင်းများ၊ နိုင်ငံသားကောင်းများ ဖြစ်လာကြမည်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံ၏အနာဂတ်အတွက် အမြတ်အစွန်း အများဆုံး ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း သတိရလျက် ပညာရေးကို နိုင်ငံတော်၏ ဦးစားပေးကဏ္ဍအဖြစ်သတ်မှတ်ကာ အားလုံး ညီညွတ်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံ လူဦးရေ၏ ကြီးမားသော အချိုးအစားတစ်ခုမှာ ကျေးလက်နေလူတန်းစားများဖြစ်ပြီး လယ်ယာကဏ္ဍနှင့် အဓိက အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်ပါသည်။ စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည့်အပြင် နိုင်ငံ့စားရေရိက္ခာဖူလုံရေးနှင့် ပြည်ပပို့ကုန်ရရှိရေးတို့အတွက်လည်း ဤကဏ္ဍသည် အလွန်အရေးကြီးပါသည်။ သို့ရာတွင် ရာသီဥတုပြောင်းလဲမှု၊ ဈေးကွက်ယှဉ်ပြိုင်မှု၊ ခေတ်မီနည်းစနစ်များ ချို့တဲ့မှု စသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ ထိုစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် လယ်ယာကဏ္ဍကို ခေတ်မီစိုက်ပျိုးရေးဆိုင်ရာနည်းပညာများဖြင့် ပေါင်းစပ်ဆောင်ရွက်ရန်နှင့် စီးပွားရေးကဏ္ဍအဖြစ် ပြောင်းလဲတည်ဆောက်နိုင်ရန်အတွက် ပညာရေးသည် သော့ချက်ကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

### သိပ္ပံနှင့်နည်းပညာကို အခြေခံ၍ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စွာလုပ်ကိုင်

စိုက်ပျိုးရေးပညာသည် သိပ္ပံနှင့်နည်းပညာကို အခြေခံ၍ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်ရန် လမ်းညွှန်ပေးသော ဘာသာရပ်ဖြစ်သည့်အပြင် နိုင်ငံ၏သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များဖြစ်သော ရေ၊ မြေ၊ ရာသီ၊ ဇီဝသက်ရှိများဖြင့် ပေါင်းစပ်တည်ရှိနေပြီး ယင်းတို့ကို ရေရှည်တည်တံ့ခိုင်မြဲအောင် အသုံးချနိုင်ရန် လိုအပ်လှပါသည်။ သို့ဖြစ်၍ မျိုးကောင်းမျိုးသန့်များ ရွေးချယ်ခြင်း၊ မြေဆီလွှာသိပ္ပံ၊ ရေသွင်းရေထုတ်နည်းစနစ်၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း အစရှိသည်တို့သည် စိုက်ပျိုးရေးပညာ၏ အခြေခံအကြောင်းအရာများဖြစ်ကြသည်။ ဤပညာရပ်များကို လက်တွေ့လယ်ယာမြေတွင် အသုံးချနိုင်မှသာ ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းနှင့် အရည်အသွေးမြင့်မားသော ထုတ်ကုန်များကို ရရှိနိုင်မည် ဖြစ်ပါသည်။ သို့ပါ၍ ခေတ်သစ်စိုက်ပျိုးရေးတွင် နည်းပညာသည် မရှိမဖြစ် လိုအပ်လာပါသည်။

(က) **စက်မှုလယ်ယာ** – တရုတ်၊ ထိုင်းစသည့် နိုင်ငံများတွင် စက်ကိရိယာများဖြင့် လယ်ယာလုပ်ငန်းဆောင်တာများကို အစားထိုးလုပ်ကိုင်လျက်ရှိရာ အချိန်ကုန်သက်သာပြီး လုပ်အားချွေတာနိုင်သည်။

(ခ) **အိုင်တီနည်းပညာ** – မိုးလေဝသအချက်အလက်များ၊ ဈေးကွက်အချက်အလက်များ၊ မြေဆီလွှာအခြေအနေများကို စမတ်ဖုန်းများမှ တစ်ဆင့် ချက်ချင်းရယူနိုင်ခြင်းသည် လယ်သမားများ၏ ဆုံးဖြတ်ချက်ချမှတ်မှုကို ပိုမိုမှန်ကန်စေပါသည်။

(ဂ) **ဇီဝနည်းပညာ** – ရာသီဥတုဒဏ်ခံနိုင်ပြီး အထွက်နှုန်းမြင့်မားသောမျိုးစေ့များ မွေးမြူခြင်းသည် စားရေရိက္ခာဖူလုံရေးအတွက် အထောက်အကူပြုသည်။

(ဃ) **ဈေးကွက်နည်းပညာ** – စိုက်ပျိုးရေးထုတ်ကုန်များကို ဈေးကွက်ဝင် အဆင့်မြင့်စားသုံးကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေးနှင့် ကုန်ကြမ်းအဆင့်မှသည် ကုန်ထုတ်စီးပွားရေးလုပ်ငန်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရေးအတွက် ဈေးကွက်ဖော်ဆောင်ရန်မှာလည်း အရေးကြီးပါသည်။

ဤနည်းပညာများကို ထိရောက်စွာ အသုံးချနိုင်ရန်မှာ လယ်သမားများသာမက စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သူများ အားလုံးအပေါ် လေ့ကျင့်ပညာပေးနိုင်မှုအပေါ် မူတည်နေပါသည်။ **စာမျက်နှာ ၇ သို့** ❋

# (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၃၃) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (33rd ASEAN Armies Rifle Meet–33rd AARM) ပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်ရန်အတွက် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ် အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် စင်ကာပူ တပ်မတော်၏ Singapore Armed Forces Training Institute (SAFTI) သို့ ရောက်ရှိခဲ့ပြီး မြို့တွင်းစစ်ဆင်ရေး လေ့ကျင့်ရေး ကွင်းနေရာနှင့် မြို့တွင်းစစ်ဆင်ရေး ဆောင်ရွက်ရာတွင် အသုံးပြုသည့် သဏ္ဌာန်တူ လေ့ကျင့်ရေး အထောက်အကူပြု လက်နက်စနစ်များ၊ လက်ဖြောင့်သေနတ် သရုပ်ပြပစ်ခတ်မှု၊ စောင့်ကြည့် ထောက်လှမ်းရေးသုံး ဒရုန်းသရုပ်ပြပျံသန်းမှု၊ မြေပြင်သွား မောင်းသူမဲ့ ယာဉ်စနစ်များကို လေ့လာကြည့်ရှုခဲ့သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေး မှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် Singapore Armed Forces Training Institute ၏ စစ်ရေးပြကွင်းသို့ ရောက်ရှိခဲ့ပြီး အာဆီယံ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အတူ Novelty Shoot ပစ်ခတ်စဉ်၌ ပါဝင်ပစ်ခတ်ခဲ့သည်။ ဆက်လက်၍ စင်ကာပူတပ်မတော်က အသုံးပြုလျက်ရှိသည့် တိုက်ခိုက်ရေးယာဉ်များနှင့် မောင်းသူမဲ့ယာဉ်စနစ်များ အသုံးပြု၍ အဆောက်အအုံအတွင်းရှိ ရန်သူအား ရှင်းလင်းခြင်း သရုပ်ပြသည့် မြို့တွင်းစစ်ဆင်ရေး သဏ္ဌာန်တူလေ့ကျင့်ခန်း သရုပ်ပြသမှုကို လေ့လာကြည့်ရှုခဲ့သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေး မှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် (၃၃) ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (33rd ASEAN Armies Rifle Meet–33rd AARM) ပိတ်ပွဲအခမ်းအနားသို့ အာဆီယံ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အတူ တက်ရောက်ခဲ့သည်။ ဆက်လက်၍ မြန်မာ့တပ်မတော်ကိုယ်စားပြုဝင်ရောက် ယှဉ်ပြိုင်နေသည့် သေနတ်ပစ်အသင်း အဖွဲ့ဝင်များ




အား ရင်းရင်းနှီးနှီးတွေ့ဆုံ၍အားပေး စကားပြောကြားကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ ညနေပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ)ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် အာဆီယံ ကြည်းတပ် ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် များနှင့်အတူ (၃၃) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (33rd AARM)၏ နှုတ်ဆက်ညစာ စားပွဲအခမ်းအနားသို့တက်ရောက် ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

# သိပ္ပံပွဲတော် (၂၀၂၅) တတိယနေ့ ရန်ကုန်မြို့၌ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းအေဂျင်စီ (ROSATOM) နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် (၂၀၂၅) (Science Festival 2025) တတိယနေ့ကို ယနေ့တွင်ရန်ကုန်မြို့ရှိ နျူကလီးယား နည်းပညာ သတင်းအချက်အလက်စင်တာနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့၌ ကျင်းပသည်။

သိပ္ပံပွဲတော်သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အဏုမြူစွမ်းအင်ဦးစီးဌာနနှင့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ROSATOM နှင့် ရုရှားနိုင်ငံ National Research Nuclear University MEPhI (Moscow Engineering Physics Institute) တို့မှ တာဝန်ရှိသူများနှင့် ပါမောက္ခများ၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ တက္ကသိုလ်၊ကောလိပ်နှင့် အခြေခံကျောင်းများမှ ပါမောက္ခများ၊ သုတေသီများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါစင်တာ၌ DIY Science Section အဖြစ်





ကိုယ်တိုင်ဖန်တီးနိုင်သော သိပ္ပံနှင့် နည်းပညာရပ်များကို လက်တွေ့ပြုလုပ်ခြင်းပြိုင်ပွဲတွင် အခြေခံပညာ ကျောင်းသား ကျောင်းသူ ၁၀၀ သည် စက္ကူနှင့် တိပ်များကို အသုံးပြုပြီး အမြင့်ဆုံး Tower တည်ဆောက်ခြင်းကို အဖွဲ့လိုက် စိတ်ဝင်တစား ပျော်ရွှင်စွာ ယှဉ်ပြိုင်ကြသည်။

ထို့နောက် Big–Journey : North Pole ဟောပြောပွဲအစီအစဉ်တွင် မြောက်ဝင်ရိုးစွန်းသို့ နျူကလီးယားရေခဲခွဲ သင်္ဘောဖြင့် သွားရောက်ခဲ့သည့် မြန်မာကျောင်းသူတစ်ဦး၏ အတွေ့အကြုံများနှင့် MEPhI မှ ပါမောက္ခတစ်ဦးက နျူကလီးယားရေခဲခွဲ သင်္ဘောကို ရွေ့လျားမောင်းနှင်စေသည့် အကြောင်းအရာများကို ရှင်းလင်းမျှဝေကြသည်။

မွန်းလွဲပိုင်းတွင် Pathways to Russia: Career Insights: ရုရှားနိုင်ငံသို့ လမ်းကြောင်းများ – အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိအမြင်များ ဆွေးနွေးခြင်းအစီအစဉ်တွင် ရုရှားတက္ကသိုလ်များ၌ တက်ရောက်ပညာသင်ကြားနေသော မြန်မာ ကျောင်းသား ကျောင်းသူများက အတွေ့အကြုံများကို အွန်လိုင်းမှ မျှဝေဆွေးနွေးပေးကြသည်။

ညနေပိုင်းတွင် “The Science Movies Alimanac” ရုပ်ရှင်ပြသခြင်းအစီအစဉ်တွင် စွန့်ပစ်စပါးခွံများမှ စီလီကာနှင့် ကာဗွန်ထုတ်ယူကာ အစိမ်းရောင်စွမ်းအင်ဖြစ်သော ဘက်ထရီထုတ်လုပ်မှု၊ အီဂျစ်နိုင်ငံရှိ ငါးလုပ်ငန်းဖွံ့ဖြိုးလျက်ရှိသောဒေသတွင် နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်မှု၊ ရုရှားရေနံကုမ္ပဏီတစ်ခုက မီသိန်းဓာတ်ငွေ့မှ ဟိုက်ဒရိုဂျင်ထုတ်လုပ်သည့် သုတေသနအောင်မြင်မှုတို့ကို ပြသပြီး ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ပညာရှင်တစ်ဦးစီတို့က ထပ်ဆင့်ရှင်းလင်းဆွေးနွေး၍ တက်ရောက်လာသူများ၏ မေးခွန်းများကို ဖြေကြားကြကာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

အလားတူ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် နံနက်ပိုင်းမှစ၍ “Hackatom” ပြိုင်ပွဲကို ကျင်းပရာ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၁၄၀ ခန့် တက်ရောက်၍ ရုရှား –မြန်မာ နှစ်နိုင်ငံမှ ကြီးကြပ်သူများက ပြိုင်ပွဲစည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး မေးခွန်းမေးမြန်းခြင်း၊ အဖွဲ့လိုက် ဆွေးနွေးခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် အချက်အလက်များပြုစု၍ IT Software Application များ၊ Power Points များကို ၂၄ နာရီအတွင်း ရှင်းလင်းတင်ပြနိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**

❈ **စာမျက်နှာ ၆ မှ**

ယနေ့ကမ္ဘာ့နိုင်ငံအားလုံးသည်စားရေရိက္ခာဖူလုံရေးကို မရှိမဖြစ် အခြေခံဆောင်ရွက်ကြသည်ဖြစ်ပြီး အနာဂတ်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပညာတတ်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးမှုဖူလုံစေရန် သဘာဝအရင်းအမြစ်များမှ ဘေးကင်းလုံခြုံစိတ်ချရသော စားရေရိက္ခာများ ထုတ်လုပ်နိုင်ရေးသည် အဓိကလုပ်ငန်းမဏ္ဍိုင်ပင် ဖြစ်ပါသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် အဓိကကျသောကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအကျဉ်းအား ဖော်ပြရမည်ဆိုပါက–


(၁) **သုတေသနပညာရှင်များ မွေးထုတ်ခြင်း** – ဌာနတွင်း သုတေသနပညာရှင်များ၏ စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ပို့ချပေးခြင်း၊ နိုင်ငံတကာ သုတေသန ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဗဟုသုတများ ဖလှယ်ခြင်း၊

(၂) **တောင်သူနှင့် စိုက်ပျိုးရေးတိုးချဲ့ပညာပေး ဝန်ထမ်းများအတွက် လက်တွေ့ပညာပေးလုပ်ငန်းများ** – သုတေသနရလဒ်သစ်များ (ဥပမာ– မျိုးသစ်များ၊ နည်းပညာသစ်များ) ကို တောင်သူများထံသို့ ပြန့်ပွားရောက်ရှိစေရန် ကွင်းဆင်းပြသခြင်း၊ သင်တန်းပေးခြင်း၊ နမူနာစိုက်ခင်းများတည်ဆောက်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာသုတေသနပညာရပ်များကိုစိုက်ပျိုးရေးပညာရှင်များသို့ လက်ဆင့်ကမ်းဖြန့်ဝေခြင်း၊

(၃) **စိုက်ပျိုးရေးဆိုင်ရာ ဦးစားပေးစီမံကိန်းများ**– ကျေးလက်လူငယ်များ၊ လယ်သမားအဖွဲ့အစည်းများသာမက စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သူများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သည့် စိုက်ပျိုးရေး သုတေသနလုပ်ငန်းများ (မြေ၊ ရေ၊ မျိုး၊ ပိုးမွှား၊ ရောဂါ၊ ရိတ်သိမ်းချိန်လွန်၊ အစားအစာသုတေသန)ဆောင်ရွက်ခြင်း၊ အဆိုပါနည်းပညာများ လက်တွေ့သင်ကြားပေးသောစီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊

(၄) **ပညာပေးစာစောင်များ၊ လမ်းညွှန်စာအုပ်များထုတ်ဝေခြင်း** – လွယ်ကူရှင်းလင်းသော ဘာသာစကားဖြင့် ရေးသားထားသည့် ပညာပေးစာစောင်များကို တောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများထံ ဖြန့်ဝေပေးခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးတောင်သူ၊ ပုဂ္ဂလိက၊ အစိုးရနှင့် စိုက်ပျိုးရေးဆိုင်ရာ အဖွဲ့အစည်းအသီးသီးဖြင့် စိုက်ပျိုးမွေးမြူရေးလယ်ယာကဏ္ဍအား တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်အကျိုးပြုလျက်ရှိပါကြောင်း သတင်းကောင်းပါးလိုပါသည်။

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးသည် ပညာရေး၏ အုတ်မြစ်ပေါ်တွင် တည်ဆောက်ရမည်ဖြစ်သည်။ လယ်ယာကဏ္ဍသည် ကျွန်ုပ်တို့နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော ကဏ္ဍတစ်ခုဖြစ်ရာ ဤကဏ္ဍကို ခေတ်မီဖွံ့ဖြိုးသော ကဏ္ဍအဖြစ်သို့ ရောက်ရှိစေရန်အတွက် စိုက်ပျိုးရေးပညာနှင့် နည်းပညာများကို အခြေခံသော ပညာရေးစနစ်ဖြင့် လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။ စိုက်ပျိုးရေး သုတေသနဦးစီးဌာနအပါအဝင် သက်ဆိုင်ရာဌာနအသီးသီး၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များသည် ဤရည်မှန်းချက်အောင်မြင်ရေးအတွက် အရေးပါသော ခြေလှမ်းများပင် ဖြစ်ပါသည်။ သို့ဖြစ်ရာ “နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့” ဆိုသော ဆောင်ပုဒ်အတိုင်း ပညာရေးကို ဗဟိုပြုသော ဖွံ့ဖြိုးရေးမူဝါဒများဖြင့် အနာဂတ်နိုင်ငံတော်ကို ခိုင်မာစွာတည်ဆောက်ကြရန် တိုက်တွန်းလိုက်ရပါသည်။ ။







# မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း နှစ်(၁၀၀)ပြည့် အခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

၁၉၂၅ ခုနှစ်က မန္တလေးမြို့ ဆိုင်းတန်းရပ်၌ ဆရာကြီး မြို့မငြိမ်း(ခ) ဦးကျော်ငြိမ်း အပါအဝင် ဝါသနာရှင်လူငယ်တစ်စုဖြင့် စတင်ဖွဲ့စည်းခဲ့သည့် မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းနှစ်(၁၀၀) ပြည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ရတနာပုံခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မအပျော်တမ်း တူရိယာအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မန္တလေးမြို့မ အပျော်တမ်း တူရိယာအသင်း နှစ်(၁၀၀)ပြည့် အခမ်းအနား မှခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ရတနာပုံခန်းမအတွင်း၌ ခင်းကျင်းပြသထားသော မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း၏ ခေတ်အဆက်ဆက် ထိန်းသိမ်းထားရှိသောမှတ်တမ်း ဓာတ်ပုံများနှင့် တူရိယာပစ္စည်းများအား လိုက်လံ ကြည့်ရှုအားပေးသည်။




ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကြီး၏ဥက္ကဋ္ဌက မြို့မ အသင်းကြီးအကြောင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မန္တလေးမြို့မ အပျော်တမ်း တူရိယာအသင်းကြီး၏ နှစ်(၁၀၀)ပြည့် အထိမ်း အမှတ်သီချင်းဆိုပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြို့မမောင်မယ်များနှင့် ကျောင်းသား ကျောင်းသူများက အကအလှသီချင်း များဖြင့် သီဆိုကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကြီးအဖွဲ့အား ဂုဏ်ပြု မင်္ဂလာပန်းခြင်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ နိုဝင်ဘာ ၂၈ ရက် သောကြာနေ့ ညချမ်းတွင် "မန္တလေးမြို့မ အပျော်တမ်း တူရိယာအသင်းကြီး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲ" ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ရာပြည့်သဘင် အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် နန်းတော်ရှေ့ဆရာတင်နှင့် အလင်္ကာကျော်စွာ မြို့မငြိမ်း စသည့် မြို့မ၏ တေးပြုစာဆိုကြီးများ၏ ဂန္ထဝင်တေးသီချင်းများနှင့် သီချင်းဆိုပြိုင်ပွဲများ ကျင်းပခဲ့ပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများက နိုင်ငံကျော်တေးသံရှင်များ၊ မန္တလေးမြို့မတူရိယာအသင်းကြီး၏ ပင်တိုင်တေးသံရှင်များနှင့် အတူ မြို့မအသင်းကြီး၏ ခေတ်အဆက်ဆက် ကျော်ကြားခဲ့သည့် တေးသီချင်းကောင်းများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

"မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကြီး၏ နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲ"ကို မြန်မာ့ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တစ်ပြိုင်နက် ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်သည့်အပြင် နိုဝင်ဘာ ၃၀ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV–HD Channel မှ Replay ထပ်မံပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မိုင်းရယ်မြို့၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်

မိုင်းရယ် နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုင်းရယ်မြို့မှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နမ့်ရယ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦးက ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များ လက်ခံခြင်း၊ တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်း၊ နေရာချထားခြင်းနှင့် ကိုင်တွယ်အသုံးပြုရမည့် အခြေအနေများ၊ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထားပြီးစီးမှုအခြေအနေများ၊ ကြိုတင်ဆန္ဒမဲပေးနိုင်သည့် အခြေအနေများ၊ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ရမည့်အခြေအနေများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦးသည် သင်တန်းပို့ချနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းနှင့် အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅၀ တက်ရောက်ခဲ့ပြီး နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မိုင်းရယ်(ပြန်/ဆက်)**

ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ရှိ ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက အရေးပေါ်မီးငြိမ်းသတ်နည်းများ သရုပ်ပြစဉ်။

ဘာမီသာ(ပခုက္ကူ)



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

ရက် ၃၀

သာ လိုတော့သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် နှိုးဆော်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနက် ပုံစံ(၁၅)ဖြင့် တောင်းဆိုထားသည့် ယာယီနေရပ်စွန့်ခွာနေရသူများသည် ၂၅-၁၁-၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အတွင်း ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးသည့်နေ့ရက်နှင့် နေရာတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

## လားရှိုးမြို့တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းရှိ ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦး၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တွဲဖက်ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တာဝန်ခံက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အပိုင်းလိုက်ခွဲပြီး ဆောင်ရွက်ရမည့်အခြေအနေ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များကို လက်ခံခြင်း၊ တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်း၊ နေရာချထားခြင်းနှင့် ကိုင်တွယ်အသုံးပြုရမည့်အခြေအနေများ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာကိစ္စရပ်များနှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းမှာကြားသည်။


ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တာဝန်ခံနှင့် တာဝန်ရှိသူများက သင်တန်းပို့ချနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၅၈ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရေးမြို့နယ်၌ မဲစာရင်းမှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်

ရေး နိုဝင်ဘာ ၂၇

မွန်ပြည်နယ် ရေးမြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာများအလိုက် တစ်အိမ်တက်ဆင်း မဲဆန္ဒရှင်စာရင်းမှန်ကန်စေရေးနှင့် ကျန်ရှိမှုမရှိစေရေး တိုက်ဆိုင်စစ်ဆေးခြင်းကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဌာန ဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့တို့က ယနေ့နံနက်ပိုင်းတွင် စတင်ဆောင်ရွက်သည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးမှုကို ရေးမြို့နယ်(ခေတ္တ) တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ခိုင်ဇော်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထိန်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးပြီး ရပ်ကွက်၊ ကျေးရွာအလိုက် ကြီးကြပ်တာဝန်ခံဌာနဆိုင်ရာများက တိုက်ဆိုင်စစ်ဆေးခြင်းနှင့်ပတ်သက်၍ တင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရေးမြို့နယ်အနေဖြင့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေးနှင့် ကျန်ရှိမှုမရှိစေရေး တိုက်ဆိုင်စစ်ဆေး ခြင်းကို နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၆ ရက်ထိ မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာအုပ်စုအလိုက် ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **မင်းမင်း**



## မက်မန်းမြို့နယ် ကွန်ဟောင်းကျေးရွာတွင် မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ်ကြေညာ

မက်မန်း နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ် ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် ကွန်ဟောင်းကျေးရွာတွင် မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာထားခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ကွန်ဟောင်းကျေးရွာ ‘အလင်းရောင်’ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုကို ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရုံး အတွင်းရေးမှူး ဦးကျော်မြင့်လှိုင်၊ မက်မန်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဦးပြည့်ဖြိုးအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သိန်းသန်း(ပြန်/ဆက်)**

## ရပ်စောက်မြို့နယ်၌ ဒုတိယအကြိမ်မဲစာရင်းကပ်ထားမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု



ရပ်စောက် နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး၊ မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲစာရင်းတွင် ပါဝင်နိုင်ရေးနှင့် စပ်လျဉ်း၍ နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လွယ်ကိုး ကျေးရွာအုပ်စုအတွင်းရှိ မဲဆန္ဒရှင်စာရင်းများမှန်ကန်မှုရှိ၊ မရှိ တစ်အိမ်တက်ဆင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# လွတ်မြောက်လာသူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်လာကြကာ မိမိတို့၏ဆန္ဒသဘောထားများကို လွတ်လပ်စွာ ထုတ်ဖော်ပြသခွင့်ရရှိကြမည်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁၅ / ၂၀၂၅)

၁။ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၂၆-၁၁-၂၀၂၅ ရက်စွဲပါ၊ အမိန့်အမှတ် (၁၀/၂၀၂၅) ဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှား စီရင်ခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ အကျဉ်းစခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၇၂၄ ဦးတို့ကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအားလျှော့ပေါ့၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ပြီး၊ အမိန့်အမှတ် (၁၁/၂၀၂၅) ဖြင့် ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှား စီရင်ခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၂၃၆၁ ဦးကို ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ပါသည်။ ထို့ပြင် အမိန့်အမှတ် (၁၂/ ၂၀၂၅) ဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံရသူ ၅၅၈၀ ဦးတို့၏ ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန် အမိန့်များထုတ်ပြန်ခဲ့ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအပိုဒ် ၂၁ တွင် "လူတိုင်း ပါဝင်၍ တန်းတူညီမျှဆန္ဒမဲပေးနိုင်ခွင့်ရှိပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့် ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ အချိန်ကာလ အပိုင်းအခြားအလိုက် ကျင်းပသော စစ်မှန်သည့် ရွေးကောက်ပွဲများတွင် အဆိုပါဆန္ဒကို ဖော်ထုတ်ရမည်" ဟု ဖော်ပြပါရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၈ (က) တွင် "နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားပါသည်။

၃။ ယခုကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းနှင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ အမှုမှလွှတ်ရန် အမိန့်များထုတ်ပြန်ခဲ့ခြင်းတို့ကြောင့် လွတ်မြောက်လာသူများသည် ယင်းတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြစ်လာကြကာ မိမိတို့၏ဆန္ဒသဘောထားများကို လွတ်လပ်စွာထုတ်ဖော်ပြသခွင့်ရရှိကြမည်ဖြစ်ပါသည်။ ထို့ပြင် ပုဒ်မ ၅၀၅-က ပြစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသူများသည် မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်ရရှိပြီး စိတ်အေးချမ်းစွာ ဆန္ဒမဲပေးပိုင်ခွင့် ရရှိကြမည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးအတွက် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း၊ အကြံပြုတိုက်တွန်းချက်များပေးပို့ခြင်းတို့ ဆောင်ရွက်လျက်ရှိရာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့အတွက် ထည့်သွင်းစဉ်းစားရာ၌ ပြစ်မှုအားလုံး တန်းတူပါဝင်စေရေး အကြံပြုချက်လည်း ပါဝင်ခဲ့ပါသည်။ ယခုကဲ့သို့ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ရရှိလာစေသည့်အတွက် နိုင်ငံတော်မှ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က နှင့် စပ်လျဉ်းသည့်အမှုများအပေါ် လွတ်ငြိမ်းသက်သာခွင့်အမိန့်များ ထုတ်ပြန်ခဲ့မှုကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်



# ရခိုင်ပြည်နယ်အတွင်း စစ်တွေအကျဉ်းထောင်နှင့် ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၆ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**စစ်တွေ နိုဝင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ အမိန့်အမှတ် (၁၀/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေအကျဉ်းထောင်နှင့် ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၆ ဦး လွတ်မြောက်ကြောင်း သိရသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသားခုနစ်ဦး၊ အကျဉ်းသူတစ်ဦး၊ ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသားငါးဦး၊ အကျဉ်းသူသုံးဦး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၁၆ ဦး လွတ်မြောက်ကြောင်း သိရသည်။

အဆိုပါလွတ်မြောက်လာသူများအား မိသားစုဝင်များ၊ သူငယ်ချင်းနှင့် မိတ်ဆွေများက ပျော်ရွှင်စွာကြိုဆိုကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၈၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိ

**မန္တလေး နိုဝင်ဘာ ၂၇**

အကျဉ်းထောင်/အချုပ်ထောင်/ အကျဉ်းစခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများကို ယနေ့တွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်ရာ မန္တလေးမြို့ရှိ ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၈၅ ဦး လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် ရရှိခဲ့ကြသူများအား မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချို့ဝင်းထွန်းတို့က ယနေ့နံနက်ပိုင်းတွင် မန္တလေးဗဟိုအကျဉ်းထောင်၌တွေ့ဆုံ၍ ဆုံးမဩဝါဒစကားများ ပြောကြားသည်။




ယနေ့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချို့ဝင်းထွန်းက "သူတို့တွေက စည်းကမ်းတကျနေထိုင်လာကြတဲ့သူတွေလည်း ဖြစ်ပါတယ်။ အခုလို လွတ်မြောက်တဲ့အပေါ်မှာ သူတို့လည်း ပျော်ရွှင်သလို ကျွန်တော်တို့လည်း ပိုပြီး ပျော်ရွှင်ပါတယ်။ ဝမ်းသာပီတိဖြစ်မိပါတယ်။ သူတို့အတွက်လည်း စားစရိတ်၊ ခရီးစရိတ်တွေ ထောက်ပံ့ပေးအပ်ပါတယ်။ သူတို့တွေအနေနဲ့လည်း ဆက်လက်ပြီး နိုင်ငံ့အကျိုးအတွက် ကျရာနေရာကနေ ဝိုင်းဝန်းကူညီဆောင်ရွက် သွားကြလိမ့်မယ်လို့လည်း ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်"ဟုပြောသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူ တစ်ဦးကလည်း "အခုလိုလွတ်ငြိမ်းခွင့်ရတဲ့အတွက် အလွန်ကိုဝမ်းသာပါတယ်။ ဒီလိုလွတ်မြောက်မယ်လို့ မိသားစုတွေကလည်း ကြိုတင်သိရှိထားခြင်းမရှိပါဘူး။ ဒါပေမယ့် သိရှိပြီးတဲ့အချိန်မှာပဲ မိသားစုတွေက လာရောက်ကြိုဆိုနေကြပါပြီ။ အခုလို မိသားစုနဲ့ပြန်လည် ဆုံစည်းခွင့်ပေးတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။ သူငယ်ချင်းတွေလည်း လွတ်မြောက်တဲ့အထဲပါဝင်တဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်" ဟုပြောသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်ငါးထောင်မှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၂၆၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် ရရှိခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

## * အင်းစိန်မှ

ဦးစွာ အင်းစိန်ဗဟိုအကျဉ်းထောင်၏ မိုးလုံလေလုံခန်းမကြီး၌ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ ရန်ကုန်ဒေသကြီးဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ကိုကိုလွင်တို့က ဆုံးမဩဝါဒစကားများ ပြောကြားကြသည်။

ထို့နောက် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် သတ်မှတ်စည်းကမ်းနှင့်ကိုက်ညီသည့် နိုင်ငံသား အကျဉ်းသား ၁၁၀၊ အကျဉ်းသူ ၈၂ ဦး စုစုပေါင်း ၁၉၂ ဦးအပြင် အဆိုပါဥပဒေပုဒ်မဖြင့် အမှုရင်ဆိုင်နေဆဲ အချုပ်သား၊ အချုပ်သူတို့လည်း အမှုမှလွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ပြီး သက်ဆိုင်ရာ ခရိုင်/မြို့နယ်များသို့ YBS ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ရာ မိဘဆွေမျိုးများက အင်းစိန်ဗဟိုအကျဉ်းထောင်၏ ဂိတ်မကြီးရှေ့တွင် ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# မြိတ်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ငါးဦး လွှတ်ပေး

**မြိတ် နိုဝင်ဘာ ၂၇**

ပြစ်ဒဏ် လွတ်ငြိမ်းခွင့်အမိန့်ဖြင့် မြိတ်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူငါးဦးအား ယနေ့နံနက်ပိုင်းက လွှတ်ပေးခဲ့သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးရာ၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် မြိတ်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူငါးဦးအား ဒုတိယမြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်နှင့် တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြား၍ ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်များ ပေး၍ လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**





# တောင်ငူအကျဉ်းထောင်မှ အကျဉ်းသူခြောက်ဦး လွှတ်ပေး

**တောင်ငူ နိုဝင်ဘာ ၂၇**

တောင်ငူ အကျဉ်းထောင်မှ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅- က ဖြင့် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသူ ခြောက်ဦးအား ယနေ့နံနက်ပိုင်းတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုရာတွင် တောင်ငူအကျဉ်းထောင် ဧည့်ရိပ်သာ၌ တောင်ငူအကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်မြင့်စိုးနှင့် သက်ဆိုင်ရာဌာနမှတာဝန်ရှိသူများက လွတ်ငြိမ်းခွင့်ရရှိသူ အကျဉ်းသူ ခြောက်ဦးအား နောင်တွင် ပြစ်မှုများ ထပ်မံကျူးလွန်ခြင်းမရှိဘဲ အေးချမ်းစွာနေထိုင်ရန် ဆုံးမဩဝါဒစကား ပြောကြားပြီး ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း

နေပြည်တော် နိုဝင်ဘာ ၂၇

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် အဓိကထား ဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဦးတည်ချက် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ၇၂၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။



ထို့အပြင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ၂၃၆၁ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည်။

ယင်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် လည်းကောင်း၊ ယင်းပြစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂ ဖြင့် လည်းကောင်း တရားစွဲဆိုခံရသူ ၅၅၈၀ တို့၏ ကြားနာစစ်ဆေးဆဲ အမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှ ကင်းလွတ်ခွင့်ပြုခဲ့သည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသား အကျဉ်းသူများအား ၎င်းတို့ ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့်သည့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်ပေးထားပြီး ယခုပြန်လည်လွတ်မြောက်လာသည့် အချိန်တွင် မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မအူပင်အကျဉ်းထောင်မှ အကျဉ်းသား လေးဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေး

မအူပင် နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အကျဉ်းဦးစီးဌာနမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား လေးဦးအား လွှတ်ပေးသည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မအူပင်အကျဉ်းထောင်ရှိ တာဝန်ခံအရာရှိ ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးလွင်၊ မအူပင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူး ဇော်သူရနှင့် တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် လွှတ်သည့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်မည့် အကျဉ်းသား လေးဦးအား ဆုံးမ



ဩဝါဒစကားများ ပြောကြားခဲ့ပြီး အကျဉ်းသား အကျဉ်းသူများအား ထောင်လွှတ်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

## နေပြည်တော် အချုပ်ထောင်၌ အကျဉ်းသားများအား လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေး

ဇမ္ဗူသီရိ နိုဝင်ဘာ ၂၇

ဇမ္ဗူသီရိမြို့နယ် နေပြည်တော် အချုပ်ထောင် ဧည့်တွေ့နားနေဆောင်တွင် နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းအခမ်းအနားကို ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်အောင်နှင့် နေပြည်တော်အချုပ်ထောင် တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးဖုန်းဝေတို့က ဆုံးမဩဝါဒစကားများ ပြောကြားပြီး လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား သုံးဦးအား ခရီးစရိတ်ငွေများ ပေးအပ်ခဲ့ကာ ၎င်းတို့၏ မိသားစုများရှိရာ နေရပ်အသီးသီးသို့ စေလွှတ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ညောင်ဦးအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ညောင်ဦး နိုဝင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားနှင့် အကျဉ်းသူတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပွဲကို ယနေ့နံနက် ၉ နာရီက ညောင်ဦးအကျဉ်းထောင်ဝင်းရှိ ဓမ္မာရုံ၌ ပြုလုပ်သည်။

ညောင်ဦးအကျဉ်းထောင်မှ အကျဉ်းသား ၁၀ ဦး၊ အကျဉ်းသူ ငါးဦး စုစုပေါင်း ၁၅ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖတ်ကြားကာ တာဝန်ရှိသူများက လွတ်မြောက်ခွင့်ရရှိသူများအား ခရီးစရိတ်နှင့် ခံစားခွင့်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

ဒီပါလင်း

## ဟသ်ာတ အကျဉ်းထောင်တွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြု

ဟသ်ာတ နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ ရုံးကြီးရပ်ကွက်ရှိ အကျဉ်းဦးစီးဌာန(ဟသ်ာတ)တွင် ယနေ့နံနက်ပိုင်းက ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၁၀ ဦးတို့အား ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြုသည့် အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက လွတ်မြောက် အကျဉ်းသား အကျဉ်းသူများအား ဆုံးမဩဝါဒစကားများပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက အကျဉ်းသား ရှစ်ဦး၊ အကျဉ်းသူ နှစ်ဦး စုစုပေါင်း ၁၀ ဦးတို့အား လိုအပ်သော ကူညီမှုများနှင့် ခရီးစရိတ်ငွေများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





ကံမမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဝင်းဇော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးရဲညွှန့်တို့ နိုဝင်ဘာ ၂၇ ရက်တွင် ကံမမြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များ မီးဘေးအန္တရာယ်ကင်းရှင်းရေး စနစ်တကျ ဆောင်ရွက်ထားရှိမှုရှိ၊ မရှိနှင့် သတ်မှတ်အရည်အသွေးနှင့် အခြင်အတွယ်မှန်ကန်ပြည့်ဝမှုရှိစေရေး စစ်ဆေးဆောင်ရွက်စဉ်။ ကောင်းစစ်နိုင်



ကရင်ပြည်နယ် မြဝတီမြို့၌ မြဝတီခရိုင်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဈေးတာဝန်ခံ၊ ဈေးသူဈေးသားများနှင့်အတူ ဘုရင့်နောင်ဈေးကြီးအတွင်း၌ နိုဝင်ဘာ ၂၆ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြပွဲကို ကျင်းပစဉ်။ ဆောင်းနှင်းဖြူ(ပြန်/ဆက်)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# မြဝတီဒေသတွင် ဖြစ်ပေါ်နေသော အွန်လိုင်းလောင်းကစားမှုများကို နှိမ်နင်းနေသည့် အခြေအနေများနှင့် ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

၂၇ - ၁၁ - ၂၀၂၅

ကရင်ပြည်နယ် မြဝတီဒေသဆိုတာ ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်တွင်ရှိပြီး အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အာရှလမ်းမကြီး၏ အချက်အချာကျတဲ့ နယ်မြေဖြစ်ပါတယ်။ ဒီနယ်မြေမှာ ကရင်လက်နက်ကိုင်အဖွဲ့အစည်းအများစု အခြေချလှုပ်ရှားနေပါတယ်။ ၂၀၁၅ ခုနှစ်မှာ NCA သဘောတူစာချုပ်ကို ကရင်လက်နက်ကိုင်အဖွဲ့တွေဖြစ်တဲ့ DKBA၊ KNU/KNLA-PC၊ KNU တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး နယ်မြေတည်ငြိမ်မှုရှိလာတာနဲ့အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလို ငြိမ်းချမ်းရေးတည်ဆောက်နေတဲ့ကာလ ၂၀၁၆ ခုနှစ်မှာ အခွင့်ကောင်းယူ တစ်ဖက်လှည့် အကြောင်းပြ ပြီး KNU တပ်မဟာ ၇ နယ်မြေထဲက ရွှေကုက္ကိုလ်စီမံကိန်းကို စတင်ခဲ့တာဖြစ်ပြီး ၂၀၁၇ ခုနှစ်အတွင်း ကျောက်ခတ်ကျေးရွာမှာ Chongkhaed Garden Resort လောင်းကစားရုံစီမံကိန်းနဲ့ ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းမှာတော့ တပ်မဟာ ၆ နယ်မြေ မဲ့ထော်သလေးဒေသမှာ KK Park စီမံကိန်းတို့ကို စတင်လုပ်ဆောင်ခဲ့ကြကြောင်း တွေ့ရှိရပါတယ်။

KNU ခေါင်းဆောင်ပိုင်းတွေအနေနဲ့ လုပ်ပိုင်ခွင့်ကို တရားဥပဒေမဲ့အသုံးချကာ နိုင်ငံပိုင်မြေတွေကို နှစ်ရှည်စာချုပ်ချုပ်ပြီး ပြည်ပနိုင်ငံသားတွေကို ငှားရမ်းတာ၊ တရားမဝင် လောင်းကစားလုပ်ငန်း အပါအဝင် ဒုစရိုက်လုပ်ငန်းတွေကို အခကြေးငွေယူပြီး အကာအကွယ်ပေးတာတွေ လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ ဒီနယ်မြေမှာ အခြေချလာတဲ့ပြည်ပနိုင်ငံသားတွေအများစုဟာ ကမ္ဘောဒီးယားနိုင်ငံက ကာစီနိုလောင်းကစားမြို့ဖြစ်တဲ့ သီဟာနုဘေလ်ကနေ ပြောင်းရွှေ့လာကြတာ ဖြစ်ပါတယ်။ ဒီသီဟာနုဘေလ်မှာ လောင်းကစားလုပ်ငန်းတွေ ထွန်းကားလာတဲ့အခါ ဒုစရိုက်မှုတွေ ထူပြောလာသလို ဒေသခံတွေအတွက် ဘာသာစကားမကျွမ်းကျင်မှုကြောင့် စီးပွားရေးလုပ်ရာမှာ အခက်အခဲတွေဖြစ်ခဲ့ရတဲ့အပြင် တစ်မြို့လုံးကို နိုင်ငံခြားသားတွေ လွှမ်းမိုးလာခဲ့ပါတယ်။ ဒါ့အပြင် ကာစီနိုလုပ်ငန်းတွေနဲ့အတူ လူမိုက်မာဖီးယားတွေရဲ့ ဥပဒေမဲ့ အနိုင်ကျင့်နှိပ်စက်မှုကိုလည်း ခံခဲ့ကြရကြောင်း တွေ့ရှိကြရပါတယ်။ ဒါကြောင့် မြဝတီဒေသကိုလည်း သီဟာနုဘေလ်လိုဖြစ်မှာ ဒေသခံ ကရင်တိုင်းရင်းသားတွေက စိုးရိမ်ခဲ့ကြပြီး ဒီစီမံကိန်းတွေနဲ့ လောင်းကစားလုပ်ငန်းတွေကို လက်မခံဘဲ ကန့်ကွက်ခဲ့ကြပါတယ်။

ရွှေကုက္ကိုလ်၊ ကျောက်ခတ်နဲ့ KK Park မှာ ရှိနေတဲ့ ရာဇဝတ်ဂိုဏ်းတွေ၊ ငွေလိမ်ဂိုဏ်းတွေနဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ KNU ခေါင်းဆောင်တွေကို ဖော်ထုတ်အရေးယူပေးဖို့ကိုလည်း ၂၀၂၃ ခုနှစ် ဧပြီလအတွင်းမှာ ကျင်းပတဲ့ KNU ကွန်ဂရက်မှာ တောင်းဆိုခဲ့တာ တွေ့ရှိရပါတယ်။ KNU က စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခု ဖွဲ့စည်းပြီး စုံစမ်းမှုတွေ ဟန်ပြလုပ်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ စစ်ဆေးတွေ့ရှိချက်တွေကို ပွင့်လင်းမြင်သာစွာနဲ့ ဒေသခံပြည်သူလူထုကို ဘာမှမချပြတဲ့အပြင် အရေးယူဆောင်ရွက်မှုတွေကိုလည်း ဘာတစ်ခုမှလုပ်တာ မတွေ့ရှိရပါဘူး။ ဒါကိုကြည့်ရင် ဒီမြဝတီဒေသမှာ ဖြစ်နေတဲ့ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းတွေမှာ KNU ခေါင်းဆောင်ပိုင်းက အတွင်းကျကျ ပါဝင်ပတ်သက်နေတယ်ဆိုတာ ထင်ရှားစွာ တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

မြဝတီဒေသမှာ အခုလိုမျိုး တရားမဝင် အဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်နေတာကို နိုင်ငံတော်အစိုးရအနေနဲ့ လက်ခံခွင့်ပြုပေးခဲ့တာ မဟုတ်ပါဘူး။ ဒီလုပ်ငန်းတွေရဲ့အစက ၂၀၁၇ ခုနှစ်က စတင်ခဲ့တဲ့ ရွှေကုက္ကိုလ် စီမံကိန်းဖြစ်ပါတယ်။ ရွှေကုက္ကိုလ်စီမံကိန်းဆိုတာ မြန်မာ-ရထိုက် ရွှေကုက္ကိုလ် အထူးစီးပွားရေးဇုန်စီမံကိန်းအဖြစ် Yatai International Holding Group နဲ့ ချစ်လင်းမြိုင်ကုမ္ပဏီတို့က ပူးပေါင်းလုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ စီမံကိန်းလုပ်ငန်းတွေစတင်ဖို့ကို ၂၀၁၆ ခုနှစ်လောက်ကတည်းက ပြင်ဆင်ခဲ့တာဖြစ်ပြီး အဲဒီတုန်းက NLD အစိုးရရဲ့ ကရင်ပြည်နယ်ဝန်ကြီးချုပ်နဲ့ ဆွေးနွေးတိုင်ပင်မှုတွေ လုပ်ဆောင်ခဲ့ကြောင်းသိရှိရပါတယ်။ နောက်ပိုင်း ၂၀၁၇ ခုနှစ် ဧပြီလထဲမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို တင်ပြခွင့်ပြုချက်ယူခဲ့ကြောင်း သိရှိရပြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကတော့ စီမံကိန်းတင်ပြရာမှာ လောင်းကစားရုံတွေ တည်ဆောက်မယ့် အစီအစဉ်မပါဝင်ဘူးလို့ဆိုခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ဒီစီမံကိန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC)က ၂၅ ဒသမ ၅ ဧကသာ ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းမှာ ခွင့်ပြုပေးထားတဲ့ အဆောက်အအုံတွေထက် ပိုမိုဆောက်လုပ်နေကြောင်း ပြည်သူတွေက တိုင်ကြားတဲ့အတွက် ဒါနဲ့ပတ်သက်ပြီးလည်း အဲဒီအချိန်က တာဝန်ရှိတဲ့ NLD



အစိုးရအနေနဲ့ ၂၀၁၉ ခုနှစ် ဩဂုတ်လမှာ စုံစမ်းရေးအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့တာကြောင့် စီမံကိန်းလုပ်ငန်းတွေ ယာယီရပ်ဆိုင်းခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ဒီစီမံကိန်းကိစ္စကို အဲဒီတုန်းက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးရဲ့ (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ မြဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က မေးခွန်းမေးမြန်းတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းက ပြန်လည်ဖြေကြားတဲ့အခါ မြေ ၂၅ ဒသမ ၅ ဧကပေါ်မှာ အဆင့်မြင့်လူနေအိမ်တွေ ဆောက်လုပ်ဖို့အတွက် ဥပဒေနဲ့အညီ စိစစ်ခွင့်ပြုခဲ့တာဖြစ်ကြောင်း၊ ဥပဒေအရလိုက်နာရမယ့် စည်းကမ်းချက်တွေကို လိုက်နာဖို့ပျက်ကွက်ရင်၊ ချိုးဖောက်သွေဖည်ခဲ့ရင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့တာ တွေ့ရှိရပါတယ်။ နောက်ပိုင်းမှာ လောင်းကစားလုပ်ငန်းတွေနဲ့ ပတ်သက်နေတဲ့သူတွေက ရပ်ဆိုင်းနေတဲ့လုပ်ငန်းတွေ ဆက်လုပ်လို့ရအောင် တရုတ်နိုင်ငံက အကောင်အထည်ဖော်နေတဲ့ BRI စီမံကိန်းမှာ ပါဝင်သယောင်ဝါဒဖြန့်ခဲ့တာ တွေ့ရှိရတဲ့အတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက BRI စီမံကိန်းမှာ မပါဝင်ကြောင်း ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတုန်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို သံအမတ်ကြီးမစ္စတာ ချန်ဟိုင် လာရောက်တွေ့ဆုံစဉ်မှာ ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဒီရွှေကုက္ကိုလ်စီမံကိန်းတစ်ခုတည်းသာ နိုင်ငံတော်ကို တစ်စိတ်တစ်ပိုင်းတင်ပြပြီး ဆောင်ရွက်ခဲ့တာဖြစ်ပေမယ့် ကျန်တဲ့ ကျောက်ခတ်နဲ့ KK Park စတဲ့ စီမံကိန်းတွေကတော့ လုံးဝ တင်ပြခဲ့တာ မရှိဘူးဆိုတာလည်း တွေ့ရှိရပါတယ်။

နောက်လောင်းကစားလုပ်ငန်း စီမံကိန်းတစ်ခုဖြစ်တဲ့ မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာမှာ လုပ်နေတဲ့ Chongkhaed Garden Resort လောင်းကစားရုံစီမံကိန်းကို KKO အဖွဲ့က ဗိုလ်မှူးချုပ်အဆင့်ရှိတဲ့ စိုင်းကျော်လှက ၂၀၁၇ ခုနှစ်မှာ စတင်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှာတော့ ထိုင်းနိုင်ငံအခြေစိုက် ထိုက်ချန်ကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းတွေကို တိုးချဲ့လုပ်ကိုင်ခဲ့တာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

KK Park စီမံကိန်းကိုတော့ KNU အဖွဲ့ရဲ့ မုလအိအလင်း( Mu La Ei Ahlin)ကုမ္ပဏီနဲ့ ဟွာ့ညအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစု(Huanya International Holding Group) လက်အောက်ခံ ထိုင်းနိုင်ငံအခြေစိုက် Trans Asia International Holding Group တို့က ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်းမှာ သဘောတူစာချုပ်ချုပ်ပြီး စတင်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဒီစာချုပ်မှာ မုလအိအလင်းဘက်က အသိသက်သေများအနေနဲ့ လက်ရှိ KNU ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေတဲ့ စောကွယ်ထူးဝင်းနဲ့ KNU ကာကွယ်ရေးဌာနရဲ့ အကြီးအကဲဖြစ်တဲ့ စောရော်ဂျာခင်တို့ ကိုယ်တိုင်လက်မှတ်ရေးထိုးထားကြောင်းကိုလည်း ကျွန်တော်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ မုလအိအလင်းကုမ္ပဏီဆိုတာ KNLA စစ်ဦးစီးချုပ်အဆင့်ရှိ စောဂျော်နီရဲ့ သားအကြီးဆုံးဖြစ်တဲ့ စောဒို့စိုးဂျော်နီက ပိုင်ဆိုင်တာဖြစ်ပြီး မြေပြင်မှာတော့ သူ့လူယုံတွေဖြစ်တဲ့ စောဝင်းကျော်နဲ့ စောကျော်သူတို့က လုပ်ကိုင်နေတာဖြစ်ကြောင်းကိုလည်း စိစစ်တွေ့ရှိရပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း နိုင်ငံရေးဖြစ်စဉ်တွေကြောင့် နိုင်ငံတော်ရဲ့ လုံခြုံရေး အခြေအနေတွေအပေါ် အခွင့်ကောင်းယူပြီး ဒီဒေသတွေမှာ တရားမဝင်အဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်နေကြောင်းသိရှိခဲ့ရပါတယ်။ ဒီအဆောက်အအုံတွေ ဆောက်လုပ်ဖို့အတွက် ပစ္စည်းကိရိယာတွေ၊ အခြေခံလိုအပ်ချက်တွေကို ထိုင်းနိုင်ငံဘက်ကတစ်ဆင့် တင်သွင်းခဲ့တာဖြစ်သလို နိုင်ငံခြားသားပိုင် ကုမ္ပဏီများက ကြီးကြပ်လုပ်ကိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီပုံတွေကတော့ ဂြိုဟ်တုဓာတ်ပုံတွေအရ ၂၀၂၁ ခုနှစ်ကနေ ၂၀၂၅ ခုနှစ်အထိ အဲဒီဒေသအတွင်းမှာ **စာမျက်နှာ ၁၃ သို့ »»**

မင်းလက်ပံနယ်မြေ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ အခြေအနေ



မင်းလက်ပံနယ်မြေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ အခြေအနေ



ရွှေကုက္ကိုလ်နယ်မြေ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ အခြေအနေ




ရွှေကုက္ကိုလ်နယ်မြေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ အခြေအနေ




»»» **စာမျက်နှာ ၁၂ မှ**

တိုးချဲ့ဆောက်လုပ်ခဲ့တဲ့ အဆောက်အအုံပုံတွေကို သိသာထင်ရှားစွာတွေ့ရမှာ ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလကစလို့ သက်ဆိုင်ရာ ကရင်ပြည်နယ် အစိုးရကို တရားမဝင် အဆောက်အအုံတွေ ဆောက်လုပ်နေထိုင်မှုမရှိစေရေး စစ်ဆေးကြပ်မတ်ဖို့ ညွှန်ကြားခဲ့တဲ့အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့ အဆင့်ဆင့်ကလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အဲဒီတရားမဝင်အဆောက်အအုံတွေ ဆောက်လုပ်တဲ့ နယ်မြေတွေက လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ-၇ ရရှိထားတဲ့သူတွေကို တရားစွဲပြီး လုပ်ထုံးလုပ်နည်းတွေအတိုင်း လုပ်ပိုင်ခွင့်တွေ ပယ်ဖျက်ခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရား လက်လှမ်းမီပြီး တည်ငြိမ်အေးချမ်းတဲ့ နယ်မြေဒေသတွေမှာ အခုလိုတရားမဝင်တဲ့ ဒုစရိုက်ရာဇဝတ်မှုတွေကို လုပ်ဆောင်လို့မရနိုင်ပါဘူး။ ဒါကြောင့် KNU အဖွဲ့ဟာ ၂၀၂၁ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ KNU တပ်မဟာ ၅ က ဖာပွန်မြို့နယ်ထဲမှာရှိတဲ့ သီးမူးထာ နယ်မြေခံလုံခြုံရေးစခန်းကို စတင်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး NCA သဘောတူညီချက်တွေကို ချိုးဖောက်ကာ နယ်မြေဒေသတည်ငြိမ်မှုမရှိစေဖို့ စတင်ဖန်တီးခဲ့ပါတယ်။ KNU တပ်မဟာ ၆ က ပြည်တွင်းမှာ အကြမ်းဖက်ဆူပူဆန္ဒပြမှုတွေလုပ်ဆောင်ပြီး ထွက်ပြေးတိမ်းရှောင်လာတဲ့ လူငယ်တွေကို လက်ခံကာ စစ်သင်တန်းတွေပေးခဲ့သလို NUG အကြမ်းဖက်အဖွဲ့နဲ့ ပူးပေါင်းပြီး PDF အကြမ်းဖက်သမားတွေကို လက်နက်ပါတပ်ဆင်ပေးတဲ့အထိ လုပ်ဆောင်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် ဧပြီလ ၅ ရက်နေ့မှာတော့ သင်္ကန်းညိုနောင်မြို့ကို KNU နဲ့ PDF တို့ပေါင်းပြီး တိုက်ခိုက်သိမ်းပိုက်ခဲ့သလို ကော့ကရိတ်နဲ့ သင်္ကန်းညိုနောင်မြို့ကြားက အာရှလမ်းမကြီးကို အကြမ်းဖက်သောင်းကျန်းသူတွေက ထိန်းချုပ်ခဲ့ကြပါတယ်။ ကရင်ပြည်နယ် နယ်စပ်ဒေသအနှံ့အပြားမှာ KNU နဲ့ အပေါင်းပါ သောင်းကျန်းသူအဖွဲ့တွေက လုံခြုံရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တွေကို တိုက်ပွဲဖော်ဆောင်ပြီး နယ်မြေဒေသမတည်ငြိမ်အောင် လုပ်ခဲ့ပါတယ်။ ဒီလိုမျိုးလုပ်ဆောင်မှုတွေနဲ့ နိုင်ငံတော်ရဲ့ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းတွေ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းတွေကို KNU ထိန်းချုပ်နယ်မြေတွေထဲကနေ ဖယ်ရှားပြီး အခုဖြစ်ပေါ်နေတဲ့ အွန်လိုင်းလိမ်လည်လောင်းကစားမှုနဲ့ ဒုစရိုက်လုပ်ငန်းတွေကို သောင်းကျန်းသူအဖွဲ့တွေက အခကြေးငွေယူ အကာအကွယ်ပေးပြီး ဥပဒေမဲ့ လုပ်ဆောင်လာခဲ့ကြတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ ဒီအွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းတွေကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အမြစ်ပြတ်ချေမှုန်းဖို့ ရည်မှန်းထားတဲ့အတိုင်း ဒီသောင်းကျန်းသူတွေ ယာယီထိန်းချုပ်ထားတဲ့ အာရှလမ်းမကြီးပေါ်က ကျုံဒိုး-ကော့ကရိတ် လမ်းပိုင်းကို ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ကော့ကရိတ်မြို့နဲ့ ကော့ကရိတ် – သင်္ကန်းညိုနောင် လမ်းပိုင်းကို စက်တင်ဘာလအတွင်းမှာ လုံခြုံရေး တပ်ဖွဲ့ဝင်တွေရဲ့ အသက်သွေးချွေးတွေပေးဆပ်ပြီး ပြန်လည်ထိန်းချုပ်နိုင်ခဲ့ ပါတယ်။ KNU နဲ့ အပေါင်းပါ သောင်းကျန်းသူတွေဟာ ရရှိလာတဲ့ တရားမဝင် ငွေကြေးနဲ့ လူအင်အား၊ ငွေအင်အား အလုံးအရင်း သုံးပြီး နယ်မြေတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားအောင် လုပ်ဆောင်ခဲ့တာကို တပ်မတော်က ခက်ခက်ခဲခဲ ပြန်လည်တိုက်စစ်ဆင်ပြီး တည်ငြိမ်မှုရှိအောင် လုပ်ခဲ့ရပါတယ်။ အောက်တိုဘာလ ၁၉ ရက်နေ့မှာတော့ လေးကေ့ကော်အပါအဝင် နယ်စပ်ဒေသတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မြဝတီဒေသကို နယ်မြေစိုးမိုးရေးဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံဘက်ကနေ တရားမဝင်လမ်းကြောင်းတွေကတစ်ဆင့် နယ်စပ်ဖြတ်ကျော်၍ ကျွန်တော်တို့နိုင်ငံထဲကို ဝင်ရောက်လာပြီး ဒီ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းအပါအဝင် ဒုစရိုက်လုပ်ငန်းတွေလုပ်ဆောင်ခဲ့ကြတဲ့ ပြည်ပနိုင်ငံသားတွေကို အဆက်မပြတ် ဖမ်းဆီးထိန်းသိမ်းကာ သက်ဆိုင်ရာနိုင်ငံတွေကို ပြည်နှင်လွှဲပြောင်းပေးမှုတွေ ဆက်လက်ဆောင်ရွက်နေပါတယ်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ကနေ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့အထိ နိုင်ငံပေါင်း ၅၂ နိုင်ငံက နိုင်ငံခြားသား ၆၈၅၈၂ ဦးကို လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါတယ်။ မြဝတီဒေသမှာ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းတွေနဲ့ ဒုစရိုက်လုပ်ငန်းတွေ ပြန်လည်အခြေမချနိုင်စေဖို့အတွက် တရားမဝင်ဆောက်လုပ်ထားတဲ့အဆောက်အအုံတွေကို အပြီးတိုင်ဖြိုချဖျက်ဆီး ရှင်းလင်းခြင်းတွေ ဆောင်ရွက်နေပါတယ်။ KK Park နယ်မြေထဲမှာ ဒီနေ့အထိ ၂၅၆ လုံးကို ဖြိုချဖျက်ဆီးရှင်းနိုင်ခဲ့ပြီး ကျန်ရှိတဲ့ ၃၇၉ လုံးကိုလည်း ဆက်လက်ဖြိုချဖျက်ဆီးသွားမှာ ဖြစ်ပါတယ်။ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းတွေကို ကျွန်တော်တို့ တိုက်ဖျက်ရှင်းလင်းနေမှုအပေါ် KNLA နဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့ ပူးပေါင်းပြီး မြဝတီဒေသ၊ လေးကေ့ကော်နဲ့ အနီးဝန်းကျင်တစ်ဝိုက်မှာ တိုက်ပွဲတွေဖော်ဆောင်ကာ အမျိုးမျိုးနှောင့်ယှက်နေပါတယ်။ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ကနေ နိုဝင်ဘာလ ၂၆ ရက်နေ့အတွင်း တိုက်ပွဲဖြစ်စဉ် (၂၅)ကြိမ် ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ အသက်ခန္ဓာစွန့်လွှတ်ခဲ့ရပေမယ့် ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေ အောင်မြင်တဲ့အထိ တရားမဝင် ဒုစရိုက်လုပ်ငန်းတွေကို ဆက်လက် ရှင်းလင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အဲဒီဒေသက အချို့အခိုင်အမာအဆောက်အအုံတွေကိုဆိုရင် အွန်လိုင်းလောင်းကစားမှု ပြန်လည်မလုပ်ဆောင်နိုင်အောင် မြေလှန်ဖျက်ဆီးမှု၊ မိုင်းခွဲဖျက်ဆီးမှုတွေလုပ်ပြီး ရေသောက်မြစ်အမြစ်ဖြတ် ဖျက်ဆီးလျက်ရှိပါတယ်။

ဖမ်းဆီးထိန်းသိမ်းရမိတဲ့ နိုင်ငံခြားသားတွေရဲ့ ထွက်ဆိုချက်တွေကိုကြည့်ရင် သူတို့ဟာ ထိုင်းနိုင်ငံဘက်ကနေ မြန်မာနိုင်ငံထဲကို ဝင်ရောက်လာတာဖြစ်ပြီး ဒါကိုလည်း ကျွန်တော်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အလားတူထွက်ဆိုချက်တွေလည်း ကျွန်တော်တို့ဆီမှာ အများကြီးရရှိထားပါတယ်။ ဒီနိုင်ငံခြားသားတွေကို သူတို့နိုင်ငံရဲ့ အစိုးရတွေလာမခေါ်မချင်း သူတို့ကို ထိန်းသိမ်းထားရတဲ့တာဝန် အင်မတန်ကြီးပါတယ်။ တစ်နေ့တာလိုအပ်တဲ့ အစားအစာအပြင် သောက်ရေ၊ သုံးရေကအစ ဝတ်စရာနဲ့ အိပ်ရာအဆုံးအားလုံးကို နိုင်ငံတော်က ဖြည့်ဆည်းပေးထားရတာဖြစ်ပါတယ်။ စားစရိတ်အတွက်မှာတင် တစ်နေ့သုံးနပ်စာအတွက် တစ်ဦးကို တစ်သောင်းခွဲ ကျပ်နှုန်း အနည်းဆုံးကုန်ကျပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ကနေ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့အထိ ငွေကျပ်သိန်းတစ်သောင်းသုံးထောင်ကျော် (ကျပ် ၁,၃၃၆,၀၅၀,၀၀၀) သုံးစွဲကုန်ကျခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့နိုင်ငံသိက္ခာမကျအောင် အခုလိုဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ နိုင်ငံတွေအနေနဲ့ ကိုယ့်နိုင်ငံသားကို အမြန်ဆုံး လာရောက်ခေါ်ဆောင်ပေးကြဖို့ကိုလည်း ပြောကြားလိုပါတယ်။ ပြည်ဖျက်မီဒီယာတွေကတော့ ဒါကို အခွင့်ကောင်းယူပြီး အဖျက်အမှောင့်တွေ လုပ်ဆောင်နေသလို အစိုးရအပေါ်မီဒီယာအားနဲ့ ထိုးနှက်တိုက်ခိုက်မှုတွေ လုပ်နေကြတဲ့အတွက် သတိရှိကြဖို့လိုပါတယ်။ အမေရိကန်နိုင်ငံက သူတို့နိုင်ငံသားတွေကို အွန်လိုင်းလိမ်လည်မှုကနေ ကာကွယ်ဖို့အတွက် Scam Center Strike Force (SCSF) ဖွဲ့ပြီးဆောင်ရွက်နေကြောင်း ထုတ်ပြန်ခဲ့သလို အောက်လွှတ်တော်မှာလည်း မြန်မာ့အရေးဆွေးနွေးမှုတွေ ပြုလုပ်ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှု နှိမ်နင်းရေးကိစ္စတွေကို ဝင်ရောက်စွက်ဖက်ဖို့ ပြောဆိုလာတာတွေ တွေ့ရှိရပါတယ်။ ဒါဟာ ပွဲလှန့်တုန်းဖျာခင်းတဲ့ ကိစ္စလို့ ကျွန်တော်တို့မြင်ပါတယ်။

ဒီကြားထဲမှာ အကြမ်းဖက် KNU အဖွဲ့အနေနဲ့ နိုဝင်ဘာလ ၂၅ ရက်နေ့က ဖလူး(မင်းလက်ပံ) ဒေသမှာ ဖြစ်ပွားခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး ထုတ်ပြန်ချက်၊ တောင်းဆိုချက်တစ်ခု လုပ်ကြံထုတ်ပြန်လာတာကို တွေ့ရပါတယ်။ ထုတ်ပြန်ချက်မှာ DKBA အမည်နဲ့ စွပ်စွဲထားတာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဒီနေရာမှာ KKO/DKBA ဆိုတဲ့ အသုံးအနှုန်းကိုပဲ သုံးစွဲသွားပါမယ်။ ၂၀၁၂ ခုနှစ် ဧပြီလမှာ DKBA ဟာ ကလိုထူးဘောကရင်အစည်းအရုံး(KKO)ကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီတုန်းက ဥက္ကဋ္ဌက မန်းရောဘတ်ဇန် ဖြစ်ပါတယ်။ ဒုဥက္ကဋ္ဌက စောမိုရှေး ဖြစ်ပါတယ်။ သူတို့စတင် ဖွဲ့စည်းစဉ်က ထုတ်ပြန်ချက်ထဲမှာ KKO အဖွဲ့သည် ကရင်အမျိုးသားအစည်းအရုံး(KNU) အား မိခင်အဖွဲ့အစည်းအဖြစ် ခံယူတယ်လို့ပါဝင်ပါတယ်။ အကြမ်းဖက် KNU အဖွဲ့ရဲ့ ထုတ်ပြန်ချက်ကို လေ့လာကြည့်ရင် သူတို့ဟာ ဖလူး(မင်းလက်ပံ) ဒေသနဲ့ ပါဝင်ပတ်သက်နေသူတွေကို အတွင်းကျကျ သိနေတာကို တွေ့နိုင်ပါတယ်။ အဲဒီကိစ္စမှာ KNU ကိုယ်တိုင် ထဲထဲဝင်ဝင်ပတ်သက်နေတာဖြစ်ပါတယ်။ အကြမ်းဖက် KNU ရဲ့ ထုတ်ပြန်ချက်နဲ့ လက်တွေ့မြေပြင်မှာ ဖြစ်ပျက်နေတာကလည်း ကွာခြားနေတာတွေ့ရပါတယ်။ ဂြိုဟ်တု ဓာတ်ပုံမှတ်တမ်းများအရ ယခုအခင်းဖြစ်ပွားခဲ့ရာနေရာ ဖလူး၊ မင်းလက်ပံဒေသဟာ KNU တို့ရဲ့ KK Park ရဲ့တောင်ဘက် အနီးအနားမှာပဲရှိတဲ့နေရာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် မတိုင်မီက ဘာမှမရှိခဲ့ပါဘူး။ ၂၀၂၄ ခုနှစ်မှာ အဆောက်အအုံတွေ စတင်ဆောက်လုပ်လာပါတယ်။ ဒီအချိန်မှာ ကျွန်တော်ပြောခဲ့သလို အဲဒီဒေသမှာ KNU နဲ့ အပေါင်းပါ အကြမ်းဖက်အဖွဲ့တွေရဲ့ ကရင်ပြည်နယ် နယ်စပ်ဒေသတွေမှာ သောင်းကျန်းတိုက်ပွဲဖော်ဆောင်တဲ့ အချိန်ဖြစ်လို့ အစိုးရရဲ့ လုံခြုံရေးအဖွဲ့အစည်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ မရှိချိန်ဖြစ်ပါတယ်။ KNU ရဲ့ ထုတ်ပြန်ချက် စာမျက်နှာ(၁)အပိုဒ် ၂ မှာ " KNU တပ်ဖွဲ့များက ၎င်း DKBA တပ်ဖွဲ့များ တပ်စွဲထား၍တိုက်ခိုက်သည့်နေရာအားရှင်းလင်းရာ DKBA တပ်ဖွဲ့ဝင်အနည်းဆုံး ၂၃၀ လက်နက်ချပြီး ၎င်းအခြေချစခန်းအား KNU မှ ထိန်းသိမ်းနိုင်ခဲ့သည်" ဟု ရေးသားထားပါတယ်။ တကယ့်ဖြစ်စဉ်မှာတော့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့ မွန်းလွဲ ၂ နာရီလောက်မှာ မင်းလက်ပံရွာကို KNU နဲ့ PDF အကြမ်းဖက်အဖွဲ့အချို့ ကားသုံးစီးနဲ့ရောက်လာပါတယ်။ ခင်ဗျားတို့ ကျွန်တော်တို့ စဉ်းစားကြည့်နော်။ မင်းလက်ပံရွာမှာရှိတဲ့ DKBA၊ KKO ပေါ့ဗျာ။ သူတို့ အချင်းချင်းဟာ တကယ့်ရန်ဘက်တွေ၊ ရန်သူတွေဆိုရင် ဒီလိုကားနဲ့ ပေါ်ပေါ်တင်တင်လာမလား။ ပြီးတော့ အဲဒီနေရာက KKO လုံခြုံရေးယူထားတဲ့ ဂိတ်ကိုရောက်လာပြီး KKO အဖွဲ့က ဗိုလ်မှူးအဆင့်ရှိစောဖားထီးကိုခေါ်ပြီး KKO အဖွဲ့ကို လက်နက်တွေ သူတို့ဆီအပ်ဖို့ ပြောခဲ့တယ်လို့ သိရပါတယ်။ စောဖားထီးက သူတို့ကို ဒီနေရာမှာ တာဝန်ခံက သူမဟုတ်ကြောင်း၊ စောကျော်ကိုမင်း(ခေါ်) သခွားသီး ဖြစ်ကြောင်းနဲ့ သူတို့ကို မဖမ်းဖို့ပြောခဲ့ပါတယ်။ KNU/PDF အဖွဲ့အနေနဲ့ သူတို့ကို KNU ဗဟိုက ဖမ်းခိုင်းတာဖြစ်ကြောင်းနဲ့ KKO ဆီက လက်နက်အလက် ၁၇၀ နဲ့ အဖွဲ့ဝင်အချို့ကို ဖမ်းဆီးသွားခဲ့ပါတယ်။ အဲဒီကိစ္စတွေဖြစ်နေချိန်မှာပဲ KNU/PDF အကြမ်းဖက်အဖွဲ့က KKO ခေါင်းဆောင်တွေဆီ ဆက်သွယ်ပြီး စောကျော်ကိုမင်း(ခေါ်)သခွားသီးကို

**စာမျက်နှာ ၁၄ သို့** ✻

ကျောက်ခတ်နယ်မြေ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ



ကျောက်ခတ်နယ်မြေ ၂၀၂၃ ခုနှစ်၊ မတ်လ အခြေအနေ



KK Park နယ်မြေ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ အခြေအနေ



KK Park နယ်မြေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ




✻ စာမျက်နှာ ၁၃ မှ

မင်းလက်ပံမှာ မတွေ့တဲ့အတွက် ဖမ်းဆီးအပ်နှံပေးဖို့ တောင်းဆိုခဲ့တယ်ဆိုတာ သိရပါတယ်။ KNU/PDF အဖွဲ့က ဖမ်းသွားတဲ့ KKO တွေ ပြန်လွတ်မြောက်ရေးအတွက် KKO ခေါင်းဆောင်တွေ KUN နဲ့ ဆက်သွယ်ညှိနှိုင်းနေတယ်ဆိုတာလည်း သိရပါတယ်။ မရှေးမနှောင်းမှာပဲ နိုဝင်ဘာ ၂၄ ရက်နေ့မှာ DKBA/KKO အနေနဲ့ KNU က တောင်းထားတဲ့ စောကျော်ကိုမင်း(ခေါ်)သခွားသီးကို ဖမ်းဝရမ်းထုတ်ခဲ့ပါတယ်။ အဲဒီနေ့မှာပဲ သူတို့နယ်မြေအတွင်း နိုင်ငံခြားသားများ သယ်ဆောင်ခြင်းကို စစ်ဆေးတွေ့ရှိရင် ဖမ်းဆီးအရေးယူမယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။ ဒါတွေကိုကြည့်ရင် မင်းလက်ပံကိစ္စဟာ KNU သိတယ်။ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေတယ်ဆိုတာ ထင်ရှားပါတယ်။

KNU အကြမ်းဖက်အဖွဲ့တွေ့ရဲ့ ထုတ်ပြန်ချက် စာမျက်နှာ (၂)အပိုဒ် ၂ မှာ “စစ်တပ်နှင့်၎င်းတို့ကို ကူညီတိုက်ခိုက်ပေးနေသော တပ်ဖွဲ့များမှ ဆက်လက်ထိုးစစ်ဆင်နေပြီး တိုက်ပွဲများ ဖြစ်နေလို့ KNU အနေနဲ့ ၎င်းပတ်ဝန်းကျင်လုံခြုံရေးအတွက် ဆက်လက်တာဝန်ယူထားတယ်” လို့ ပါဝင်ပါတယ်။ ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ KK Park နဲ့ ရွှေကုက္ကိုလ်မှာ ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေရပါတယ်။ အဲဒီနေရာတွေကို KNU အကြမ်းဖက်တွေက လာပစ်လို့ တိုက်ပွဲငယ်များ ဖြစ်နေပါတယ်။ KNU အနေနဲ့ ဒီလိုလိမ်လည် ထုတ်ပြန်တာ အကြောင်းနှစ်ချက်ရှိပါတယ်။ နံပါတ်(တစ်)က မင်းလက်ပံမှာ သူတို့ ထိန်းသိမ်းထားတဲ့သူတွေထဲက သူတို့အကြောင်း ထဲထဲဝင်ဝင် သိတဲ့လူတွေကို နှုတ်ပိတ်ချင်တာပါ။ နှုတ်ပိတ်တာ လက်လွန်သွားရင် တိုက်ပွဲဖြစ်လို့ သေတာပါလို့ အကြောင်းပြချင်တာဖြစ်မယ်။ နံပါတ်(နှစ်)က သူတို့နဲ့ပတ်သက်တဲ့ သဲလွန်စတွေကို ဖျောက်ဖျက်ပြီး အခြားအဖွဲ့တွေအပေါ် အပြစ်ပုံချဖို့ဖြစ်ပါမယ်။ ဒါကို ထင်ရှားစေတာကတော့ စာမျက်နှာ ၃ မှာ ပါတဲ့ နိုဝင်ဘာလ ၂၅ ရက်နေ့မှာ “မနက်စောစောတွင် Scam အလုပ်သမား ရာပေါင်းများစွာသည် အသေခံ ဒရှန်းတိုက်ခိုက်မှုများ ရှိမည်ကြား၍ ထိတ်လန့်တုန်လှုပ်စွာ ခြံဝင်းအတွင်းမှ ထွက်ပြေးရန်ကြိုးစားခဲ့ကြသည်။ အဆောက်အအုံများအတွင်း အလုပ်သမားအချင်းချင်း ရန်ပွဲများဖြစ်နေသည့် ဆူညံသံများ၊ အရိပ်အယောင်များတွေ့ရသည်”လို့ ရေးထားပါတယ်။ တကယ့်မြေပြင်မှာ ဖြစ်ပွားခဲ့တာကတော့ နိုဝင်ဘာ ၂၅ ရက်နေ့ နံနက် ၅ နာရီခွဲခန့်မှာ မင်းလက်ပံမှာ တရားမဝင်ရောက်ရှိပြီး KNU ရဲ့ ဖမ်းဆီးပိတ်လှောင်ခံထားရတဲ့ ပြည်ပနိုင်ငံသားများက သူတို့ကို ပိတ်လှောင်မထားဖို့ အဝတ်အစားတွေကို မီးရှို့ဆန္ဒပြတောင်းဆိုခဲ့တယ်လို့ သိရပါတယ်။ ဒါကို KNU/PDF အဖွဲ့က ပစ်ခတ်တယ်လို့ သိရပါတယ်။ ပြည်ပနိုင်ငံသားအချို့ ထိခိုက်ဒဏ်ရာရကြောင်းနဲ့ သေဆုံးနိုင်ဖွယ်ရှိကြောင်း သိရပါတယ်။ ကျွန်တော်တို့ရရှိထားတဲ့ မှတ်တမ်းဓာတ်ပုံများပဲ ဖြစ်ပါတယ်။ ဒါတွေဖြစ်ပြီးနောက်ပိုင်းမှာ နိုဝင်ဘာ ၂၅ ရက်နေ့ ည ၇ နာရီခွဲမှာ တရုတ်နိုင်ငံသား ၆၃၅ ဦး၊ လာအိုနိုင်ငံသား ၂၃ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၆ ဦး စုစုပေါင်း ၆၇၄ ဦးဟာ သောင်ရင်းမြစ်တစ်ဖက်ကမ်း ထိုင်းနိုင်ငံ မဲဆောက်မြို့ မဲ့ကိုကင်းကျေးရွာဘက်ကို ရောက်ရှိလာတယ်လို့ သိရပါတယ်။ အဲဒီနေ့ ညပိုင်းမှာပဲ မင်းလက်ပံထဲက ကျားဖြန့်လုပ်ငန်း ဦးစီးလုပ်ကိုင်နေသူလို့ ယူဆရတဲ့ ပြည်ပနိုင်ငံသား ၂၀ လောက်ကို သူတို့ရဲ့ Double Cub မော်တော်ယာဉ်များ၊ ဆီပီပါ အလုံး ၁၀၀ ခန့်နဲ့၊ ငွေထည့်ထားတဲ့ မီးခံသေတ္တာ ကားလေးစီးတိုက်စာကို KNU/ PDF အဖွဲ့က ဖမ်းဆီးခေါ်ဆောင် သယ်ထုတ်သွားကြောင်း သိရပါတယ်။ ကျန်သတင်းတွေ ရှိနေနိုင်ပါသေးတယ်။ ဒီလောက်ဆိုရင် အကြမ်းဖက် KNU ဘာလဲဆိုတာ အားလုံးကသိနိုင်ပြီလို့ ပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီအွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းတွေကို စတင်ခြေရာခံမိတဲ့ အချိန်ကစလို့ အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေနဲ့ ပူးပေါင်းပြီး ရှာဖွေဖော်ထုတ်ဖမ်းဆီးမှုတွေကို တက်တက်ကြွကြွဆောင်ရွက်နေသလို ဒေသတွင်းနိုင်ငံတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်။ နိုင်ငံအဝှမ်း နေရာအနှံ့အပြားမှာ စစ်ဆင်ရေးတစ်ရပ်သဖွယ် နှိမ်နင်းလျက်ရှိပါတယ်။ ရရှိထားတဲ့ သတင်းအရ ဒီလ ၂၄/ ၂၅ / ၂၆ ရက်တို့မှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီးကို ရှင်းလင်းခဲ့ရာမှာ မိုင်းနောင်မြို့ အရှေ့တောင်ဘက် နောင်တောက်ရွာ၊ ကောင်းဟိုင်းရွာ၊ ဝမ်ကျောင်းရွာအနီးမှာ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်တဲ့ ပြည်ပနိုင်ငံသား ၂၈ ဦး၊ မြန်မာနိုင်ငံသားရှစ်ဦးတို့ကို အဆောက်အအုံများ၊ မော်တော်ယာဉ်များ၊ ဆက်စပ်ပစ္စည်းများ၊ လက်နက်ငယ်ငါးလက်တို့နဲ့အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ဒီအွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းတွေနဲ့ ဒုစရိုက်လုပ်ငန်းတွေကို ဘယ်သောအခါမှ ခွင့်ပြုခဲ့ခြင်းမရှိသလို မြန်မာနိုင်ငံရဲ့ပိုင်နက်နယ်မြေကို အသုံးချပြီး မိတ်ဆွေနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ နိုင်ငံတကာအပေါ် ရာဇဝတ်မှုကျူးလွန်နေတာကိုလည်း လုံးဝ(လုံးဝ) လက်ခံမှာမဟုတ်ဘူးဆိုတာ အလေးအနက်ထား ပြောကြားထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့ တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေတဲ့ ဒီအွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းတွေ မြန်မာ့ရေ၊ မြေကနေအမြန်ဆုံးအမြစ်ပြတ်စေရေး တိုက်ဖျက်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း အသိပေးပြောကြားအပ်ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

(၁) ရင်းနှီးမြှုပ်နှံသူအမည် MR. TANG KRSANG KAI
(၂) နိုင်ငံသား CAMBODIAN
(၆) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား CONSTRUCTION, OPERATION AND LEASING OF HIGH-END VILLAS
(၁၅) MYANMAR YATAI INTERNATIONAL HOLDING GROUP COMPANY LIMITED

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်



ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် သုံးထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းပြီး သိမ်းဆည်းရမိသည့် ကွန်ပျူတာများကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ခုနစ်ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

# KK Park အပိုင်း(၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအား စတင်ချိပ်ပိတ်သိမ်းဆည်း

နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မြဝတီ–မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို အပိုင်းသုံးပိုင်းခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း (၃)နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၀၈ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိတရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၅၆ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် KK Park အတွင်း အဆောက်အအုံများ ဆောက်လုပ်ထားရှိမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် သုံးထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ လူနေအဆောက်အအုံများ၊ ဂိုဒေါင်များ၊ ဈေးဆိုင်ခန်းများ၊ ဟိုတယ်များနှင့် ကေတီဗွီများဖြစ်သော တစ်ထပ်အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၁ လုံး၊ သုံးထပ်အဆောက်အအုံ ၄၂ လုံး၊ ခုနစ်ထပ်အဆောက်အအုံ တစ်လုံး၊ ကိုးထပ်အဆောက်အအုံ နှစ်လုံးနှင့် ၁၇ ထပ်အဆောက်အအုံတစ်လုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ ၅၉ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ ဖုန်းမျိုးစုံ အလုံး၁၂၀၊ ကွန်ပျူတာမျိုးစုံ ၂၁၂ လုံးနှင့်အသုံးအဆောင်ပစ္စည်းများကို စိစစ်တွေ့ရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုများဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၀၉ လုံး တွေ့ရှိရပြီး အဆိုပါအဆောက်အအုံများအား ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက်သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ယနေ့တွင် စတင်ဆောင်ရွက်ကြရာ အဆောက်အအုံ ၂၁ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၀၄၂ ဦးနှင့်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာအလုံး ၃၃၁၀၊ မိုဘိုင်းဖုန်းအလုံး၂၁၈၇၀၊ Star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါနယ်မြေများ၌ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၁၉၅ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၈၈၂ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်းလုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် ငါးထပ်တိုက် လူနေအဆောက်အအုံများကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။

KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် သုံးထပ်တိုက် လူနေအဆောက်အအုံများကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။





# ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



ဖမ်းဆီးရမိသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။



ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသားများကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါ ဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသား ၂၆ ဦးနှင့် မြန်မာနိုင်ငံသား ရှစ်ဦးကို အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကျေးသီးမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၄ ရက်တွင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်တောက်ကျေးရွာ၏ အနောက်မြောက်ဘက် နေရာတစ်ဝိုက်သို့ ရောက်ရှိစဉ် မသင်္ကာဖွယ်ရာ အဆောက်အအုံများကို တွေ့ရှိရသဖြင့် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်နေသည့်နေရာဖြစ်ကြောင်း တွေ့ရှိရပြီး လုပ်ငန်းလုပ်ကိုင်နေကြသူများအား မတွေ့ရှိရဘဲ အလျား ပေ ၄၀၊ အနံ ပေ ၂၀ ရှိယာယီလူနေမိုးကာတဲ ငါးလုံး၊ အလျား ပေ ၂၀၊ အနံ ၁၀ ပေရှိ ယာယီလူနေမိုးကာတဲ ခြောက်လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ ယာယီလူနေမိုးကာတဲ ခုနစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ ရှိ ရေကန် သုံးလုံး၊ ဝက်ခြံ ငါးခြံ၊ ကင်းတဲ ရှစ်လုံး၊ စားဖိုဆောင် နှစ်လုံး၊ ပလတ်စတစ်ထိုင်ခုံ ၁၅၀၊ မှန်တင်ခုံကြီး တစ်လုံး၊ သစ်သားခုံ ငါးခုံ၊ မော်နီတာ နှစ်လုံးနှင့် Starlink တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် နိုဝင်ဘာ ၂၅ ရက်တွင် မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် ကောင်းဟိုင်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် ယာယီအဆောက်အအုံများနှင့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများဖြစ်သော အလျား ပေ ၇၀၊ အနံ ပေ ၃၀ ရှိ ယာယီလူနေမိုးကာတဲ သုံးလုံး၊ အလျား ပေ ၄၀၊ အနံ ပေ ၄၀ ရှိယာယီလူနေမိုးကာတဲ နှစ်လုံး၊ အလျား ၂၅ ပေ၊ အနံ ၁၅ ပေရှိ ယာယီလူနေမိုးကာတဲ တစ်လုံး၊ အလျား ပေ ၂၀၊ အနံ ၁၅ ပေရှိ ယာယီ လူနေမိုးကာတဲ ၂၈ လုံး၊ မီးစက် သုံးလုံး၊ ရေခဲသေတ္တာအသေး တစ်လုံး၊ Freezer တစ်လုံး၊ AIR Cooler ငါးလုံးနှင့် လန်ခရူဇာမော်တော်ယာဉ်တစ်စီး တို့ကို ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၆ ရက်တွင် မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် ဝမ်ကျောင်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်း ဆောင်ရွက်ရန် ဆောက်လုပ်လျက်ရှိသည့် အလျား ပေ ၁၅၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ သွပ်မိုးတဲ(လူမနေ) တစ်လုံး၊ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ အမြင့် ၁၅ ပေရှိ သွပ်မိုးအလုပ်ရုံ တစ်လုံး၊ အလျား ပေ ၁၅၀၊ အနံ ခြောက်ပေ၊ အမြင့် ရှစ်ပေရှိ သွပ်မိုးအထပ်သားကာ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ခြောက်ပေ၊ အမြင့် ရှစ်ပေရှိ သွပ်မိုးအထပ်သားကာ တစ်လုံး၊ အလျား ပေ ၁၅၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ သွပ်မိုးတဲ (လူမနေ) တစ်လုံး၊ အလျား ပေ ၈၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ အမိုးအကာမရှိတဲ တစ်လုံး၊ အလျား ပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ သွပ်မိုး အထပ်သားကာတဲ တစ်လုံး၊ အလျား ပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ အမိုးအကာမရှိပြိုကျတဲ တစ်လုံး၊ အလျား ပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ မိုးကာမိုးတဲ တစ်လုံး၊ အလျား ပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ မိုးကာမိုးပြိုကျတဲ တစ်လုံး၊ အလျား ပေ ၂၀၊ အနံ ပေ ၁၂၀၊ အမြင့် ၁၅ ပေရှိ မိုးကာမိုးအထပ်သားကိုဒေါင် တစ်လုံး၊ အလျား ပေ ၂၀ ပတ်လည်သွပ်မိုးအထပ်သားကာ လူနေအိမ် တစ်လုံး၊ အလျား ပေ ၁၅၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ အမိုးမရှိတဲ နှစ်လုံး၊ ဂါလန် ၈၀၀ ဆံ့ တိုင်ကီအပြာ လေးလုံးတို့ကိုလည်းကောင်း၊ မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်တောက်ကျေးရွာ၏ တောင်ဘက် နေရာတစ်ဝိုက်အား ထပ်မံ၍ရှင်းလင်းရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသူများဖြစ်သည့် တရုတ်နိုင်ငံသား ၂၆ ဦးနှင့် မြန်မာနိုင်ငံသား ရှစ်ဦး တို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်များအရ အဆိုပါကျေးရွာအနီး၌ သိုဝှက်သိမ်းဆည်းထားသည့် MA-1 သေနတ် တစ်လက်၊ MA-13 သေနတ်တစ်လက်၊ AK-12 သေနတ် တစ်လက်၊ ကာဘိုင်သေနတ် တစ်လက်၊ WICHESTER 12 V သေနတ် တစ်လက်၊ ၉ မမကျည် ၁၀ တောင့်၊ 12 V ကျည် နှစ်တောင့်၊ ၉ မမကျည်အိမ် တစ်ခု၊ AK ကျည်အိမ်တစ်ခုနှင့် ကာဘိုင်ကျည်အိမ်တစ်ခု တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ သိမ်းဆည်းရမိပစ္စည်းများ၊ ယာယီလူနေအဆောက်အအုံများ၊ နေရာထိုင်ခင်းများအား မီးရှို့ဖျက်ဆီးခဲ့ပြီး ဖမ်းဆီးရမိသူများနှင့် ပါဝင်ပတ်သက်သူများအား စနစ်တကျစိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရေးနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောက်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်ခဲယမ်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏အရှေ့တောင်ဘက် ကောင်းဟိုင်းကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့် နေရာအား ဝင်ရောက်ရှာဖွေစစ်ဆေးဖော်ထုတ် ဖျက်ဆီးခဲ့သည့်မှတ်တမ်းဓာတ်ပုံများ။





လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် ဝမ်ကျောင်းကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာအား ဝင်ရောက်ရှာဖွေ စစ်ဆေး ဖော်ထုတ် ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။



လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်တောက်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာအား ဝင်ရောက်ရှာဖွေ စစ်ဆေးဖော်ထုတ် မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။





ဖမ်းဆီးရမိသည့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးတိုင်း(အနောက်ခြမ်း) စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ကွင်းဆင်းစစ်ဆေး

**သာယာဝတီ နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက သာယာဝတီခရိုင် သုံးဆယ်မြို့ ဗေဒင်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဒုတိယအကြိမ် မဲစာရင်းထုတ်ပြန်ကြေညာမှုကို အများပြည်သူ စိတ်ဝင်တစား လာရောက် ကြည့်ရှုနေမှုအား ကြည့်ရှုအားပေးပြီး မဲစာရင်း လာရောက် ကြည့်ရှုကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။



ထို့နောက် နတ်တလင်းခရိုင် ဇီးကုန်းဈေးအတွင်း ယခင်ပျံကျ သားငါးဈေးရုံအား တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၅ ဒသမ ၂ သန်းဖြင့် အရှည် ၉၆ ပေ၊ အကျယ်ပေ ၄၀၊ အမြင့် ၁၂ ပေရှိ ဆိုင်ခန်း ၉၀ ပါ ဈေးရုံ အသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဈေးရုံများ အလိုက် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သဲကုန်းမြို့နယ် အင်းမမြို့ မြို့လယ်ဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရရှိစေရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေတောင်မြို့နယ် နွားမယံကျေးရွာအုပ်စု၌ တန်ဖိုးမြင့်စပါးမျိုး ရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂) စမ်းသပ်စိုက်ပျိုး ရိတ်သိမ်းနေမှုကို ကွင်းဆင်း ကြည့်ရှုအားပေးရာ တစ်ကေလျှင် ပေါ်ဆန်း စပါးမျိုးသန့်စင်ပြီး ၈၄ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တစ်နှစ် နှစ်သီးစိုက် လယ်မြေများတွင် တန်ဖိုးမြင့် ပေါ်ဆန်းစပါးမျိုးများ တိုးချဲ့ စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ် ဆောင်ရွက်ပေးကာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက သီးနှံအလိုက်စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများအသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆောင်းဆီထွက်သီးနှံ နေကြာစိုက်ပျိုးမည့် တောင်သူများအား နေကြာမျိုးစေ့နှင့် မြေဩဇာများ ချီးမြှင့်ပေးအပ်

**ဘားအံ နိုဝင်ဘာ ၂၇**

ကရင်ပြည်နယ်အတွင်း ဆီဖူလုံမှု ပြည့်မီကျော်လွန်ရေး အတွက် ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းရာသီတွင် ဆောင်းဆီထွက်သီးနှံများ ဖြစ်သော ဆောင်းမြေပဲ ၃၁၆၀၇ ဧက၊ ဆောင်းနှမ်း ဧက ၄၁၇၅၀၊ ဆောင်းနေကြာ ၃၅၆၆ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ဆောင်းဆီထွက်သီးနှံ နေကြာစိုက်ပျိုးမည့် တောင်သူများအား ပြည်နယ်အစိုးရအဖွဲ့က နေကြာမျိုးစေ့နှင့် မြေဩဇာများ ချီးမြှင့်ပေးအပ်သည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကား ပြောကြားပြီး ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ဆောင်းနေကြာ ၂၇၀၇ ဧက စိုက်ပျိုးမည့် တောင်သူများအား ရေဆင်းစပ်မျိုး-၁၊ ဆင်းရွှေကြာ-၂ နေကြာမျိုးစေ့ သုံးကီလိုဂရမ်အထုပ် ၂၇၀၇ ထုပ်၊ ယူရီးယားဓာတ်မြေဩဇာ အိတ် ၁၀၀၊ သဘာဝမြေဩဇာ အိတ် ၁၀၀ တို့ကို ချီးမြှင့်ပေးအပ်၍ ဆောင်းနေကြာ စိုက်ပျိုးမည့် တောင်သူများကိုယ်စား တောင်သူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နေကြာစိုက်ပျိုးမည့် တောင်သူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး တောင်သူများအား ချီးမြှင့်ပေးအပ်မည့် နေကြာမျိုးစေ့နှင့် မြေဩဇာများကို ကြည့်ရှုစစ်ဆေးသည်။

နေကြာမျိုးစေ့နှင့် သွင်းအားစု ချီးမြှင့်ပေးအပ်ပွဲ မစတင်မီနှင့် အခမ်းအနားအပြီးတို့တွင် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာ စိုက်ပျိုးနည်းစနစ်၊ မြေဩဇာအသုံးပြုနည်း၊ အပင်ပြုစုစောင့်ရှောက်နည်းများကို အသိပညာပေး ဆွေးနွေး ဟောပြောခဲ့သည်။

ထို့ပြင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ၏(၇/၂၀၂၅) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ပေါင်မြို့နယ်၌ စပါးမျိုးသစ်များ ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲနှင့် ဆွေးနွေးပွဲပြုလုပ်

**ပေါင် နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် ပေါင်မြို့နယ် ရေဆင်းပေါ်ဆန်း(၁)၊(၂)စပါးမျိုးသစ်များရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲနှင့် အရည်အချင်း လက္ခဏာများ အပေါ် တောင်သူအချင်းချင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဖြူဘကျေးရွာအုပ်စု တောင်သူ ဦးသန်းထွန်း၏ လယ်မြေ၌ ပြုလုပ်သည်။

ဦးစွာ သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်လှိုင်က ကွင်းသရုပ်ပြပွဲနှင့် တောင်သူဆွေးနွေးပွဲ ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရေဆင်းပေါ်ဆန်း(၁)၊ (၂) စပါးမျိုးများ ရိတ်သိမ်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ရာ ရေဆင်းပေါ်ဆန်း(၁) ၈၀ ဒသမ ၂၅ တင်းနှင့် ရေဆင်းပေါ်ဆန်း(၂) ၇၉ ဒသမ ၁၂ တင်းထွက်ရှိခဲ့ပြီး ပေါ်ဆန်းစပါးမျိုးများ၏ စားသုံးမှုအရည်အသွေးအား အကဲဖြတ်မှတ်တမ်းတင်ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ရေဆင်းပေါ်ဆန်း(၁)၊ (၂) စမ်းသပ်စိုက်ပျိုးခဲ့သော တောင်သူ ဦးသန်းထွန်းက စိုက်ပျိုးထုတ်လုပ်မှုအတွေ့အကြုံများ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက အပြန်အလှန် ဆွေးနွေးအကြံပြုခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ ဆောင်းသီးနှံ(နေကြာ)နှင့် နွေစပါးများ မျိုးစေ့ချကိရိယာဖြင့် လက်တွေ့စိုက်ပျိုးပြသ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်း ဒေသကြီး ထန်းတပင်မြို့နယ် အတွင်းရှိ ဒေသခံတောင်သူများအား ရေဆင်းစပ်မျိုးနေကြာ(၁)အား မျိုးစေ့ချစက်ဖြင့် လက်တွေ့စိုက်ပျိုးပြသပေးခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့် နွေစပါး လက်တွေ့စိုက်ပျိုးပြသပေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရေဖြူကျေးရွာအုပ်စုရှိ စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ထားသည့် ဧက ၁၅၀ ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ အောင်မြင့်ဟန်၊ မှော်ဘီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဝေမိုးအောင်၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်တာဝန်ရှိသူများက ဒေသခံတောင်သူများထံသို့ နွေစပါး မျိုးစေ့ချကိရိယာ ဓာတ်မြေဩဇာနှင့် ပျားပုံးများပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်တာဝန်ရှိသူများက ဒေသခံတောင်သူများအား မျိုးစေ့ချကိရိယာဖြင့် နွေစပါး လက်တွေ့စိုက်ပျိုးပြသပေးနေမှုနှင့် ရေဆင်းစပ်မျိုး ဆောင်းသီးနှံ (နေကြာ)ကို မျိုးစေ့ချစက်ဖြင့် လက်တွေ့ စိုက်ပျိုးပြသပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ညောင်တုန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ညောင်တုန်း နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း မိုးစပါး ၅၇၈၀၁ ဧက စိုက်ပျိုးထားရှိရာ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၂၅ ရက်က ဇီးဖြူကျွန်းကျေးရွာအုပ်စု၌ ပြုလုပ်သည်။



မိုးစပါးစံကွက်ရိတ်သိမ်းရာသို့ မြို့နယ်မြေစာရင်းဦးစီးဌာန မြို့နယ်မြေစာရင်းမှူး ဦးလှမျိုးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး ဇီးဖြူကျွန်းကျေးရွာအုပ်စု တောင်သူ ဒေါ်ဝင်းစိန်၏ GW-11 စပါးမျိုးကွဲ သုံးကေစိုက်ခင်းကို ကောင်း၊ သင့်၊ ညံ့ ကိုယ်စားပြုစံကွက် သုံးမျိုးရိတ်သိမ်းရာ တစ်ကေပျမ်းမျှ စပါးအစို အထွက်နှုန်း ၁၀၁ ဒသမ ၅၃ တင်း၊ စပါးအခြောက်အထွက်နှုန်း ၉၁ ဒသမ ၄၁ တင်း ထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## “ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၄၆/၁၄၈/၁၅၀) ပေါ်တွင် ဆောက်လုပ်ထားသော (၈) ထပ်တိုက်၏ (မြေညီထပ်)တိုက်ခန်း၊ အခန်းအမှတ်(1-A) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ)ခန့်ရှိ ရေ၊ မီးမီတာအပါအဝင် တိုက်ခန်း(၁) ခန်းနှင့် ယင်းတိုက်ခန်းအပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို မူလနေထိုင်သူ ဦးလူကလေး (DG-၀၀၂၀၈၇)ထံမှ အရပ်ကတိအဆင့်ဆင့် အရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသူ ဒေါ်တင်တင်မြင့် (PBDN-၀၀၂၅၀၈) [၁၂/ပဘတ(နိုင်)၀၂၀၂၉၂]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံ အရှုပ်အထွေးကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချလိုပါကြောင်း ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယမင်းသူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၅၅၃၀၈)**
**တိုက်(၉/၁၁)၊ အခန်း(၂၀၂-အေ)၊ ဒုတိယထပ်၊ (၃၆-လမ်း)ထိပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉-၂၅၅၇၇၈၀၉၄၊ ၀၉-၇၉၉၈၄၇၈၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇) ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ မြေကွက်အမှတ်(၈၀၆) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၄၀)ပေxအနံ(၆၀)ပေအနက်မှ တရားဝင် မခွဲစိတ်ရသေးသော အကျယ်အဝန်း အလျား(၂၀)ပေx အနံ(၆၀)ပေရှိ ပါမစ်မူရင်းခြမ်း(ခေါင်းရင်းဘက်ခြမ်း) မြေကွက်သည် ဦးအောင်ဆန်း [၁၂/မရက(နိုင်) ၀၆၉၅၉၁] အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး အဆိုပါ ပါမစ်မူရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ဆန်း [၁၂/မရက(နိုင်) ၀၆၉၅၉၁]က လက်ရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်ဖြူ [၁၁/အမန(နိုင်) ၀၁၈၄၈၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမောင်ဖြူ ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ပြာဝတ်မှုံ (LLB) အထက်တန်းရှေ့နေ (စဉ် – ၅၄၄၂၄)**
**အမှတ် (၃၂၉)၊ ရောဝတီလမ်း၊ (၁၁) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း – ၀၉-၇၅၆၈၃၄၇၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ရွှေကုန်းရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ် (၁၄၉၁-ခ)ဟုခေါ်တွင်သော အလျား(၁၆)ပေx အနံ(၁၁၄)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေ/မီးစုံ (၁)ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်မာမာအေး [၁၂/ကတန(နိုင်) ၀၀၅၃၉၁] ကိုင်ဆောင်သူက ၎င်းပိုင်ဆိုင်ကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ယဉ်မင်း [၁၂/ကတန(နိုင်)၀၈၀၈၈၆] ကိုင်ဆောင်သူအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုသူရှိပါက ဤကြေညာစာပါသည့်နေ့မှစ၍ ရက်ပေါင်း (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများယူဆောင်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုနေ့ရက်ကျော်လွန်ပါက အပြီးသတ်အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ယဉ်မင်း**
**[၁၂/ကတန(နိုင်)၀၈၀၈၈၆]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်မာဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၂၉၅၇၀)**
**အမှတ်(၃၂၆)၊ အောင်မင်္ဂလာ (၁)လမ်း၊**
**ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့။**
**09-773754314**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ် (၆၀၆-က)၊ ဦးပိုင်အမှတ် [၅/၁၄(ခဲစင်း)]၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စား အစည်းအဝေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်) ၀၀၁၉၃၈]က အမှုတွဲအမှတ်(၃၆၇၇/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ် (၆၀၆-က)၊ ဦးပိုင်အမှတ် [၅/၁၃(ခဲစင်း)]၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စား အစည်းအဝေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်) ၀၀၁၉၃၈]က အမှုတွဲအမှတ်(၃၆၇၉/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၅၊ မြေကွက်အမှတ်– ၁၆၈၀၊ အကျယ် (၄၀'x၆၀')အနက် မခွဲစိတ်ရသေးသော မြေ၏ ခေါင်းရင်းဘက်ခြမ်း (မြေကွက်အမှတ်– ၁၆၇၉ နှင့် ကပ်လျက်အခြမ်း) အကျယ် (၂၀'x၆၀')၊ မြေအမျိုးအစား– ပါမစ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးစိန်ဝင်း (TTA-၀၃၄၁၉၇) [၁၂/မရက(နိုင်) ၀၉၁၁၉၂] အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် (၂၅-၁၁-၂၀၂၅)ရက်စွဲပါ “နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်”အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးကျော်ခန့်နိုင် [၁၂/ဒဂတ(နိုင်) ၀၈၂၅၉၉]က မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်မင်းနိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၇၆၃)**
**အမှတ် (၃၃/၄၉)၊ Strand Condo, အခန်းအမှတ်– ၄၀၂၊ (၄-လွှာ)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ (၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၆)၊ သာလွှာဝတီလမ်း၊ မြေကွက်အမှတ်(၇၇၅/က)၊ မြေအကျယ်အဝန်း (၁၀ပေx ၆၀ပေ)၊ခေါင်းရင်းခြမ်း၊ မြေကွက်အမှတ် (၇၇၅/ခ)နှင့် ကပ်လျက်ဘက်အခြမ်း၊ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် **ဦးဇော်ဝင်း [၁၂/သဃက(နိုင်) ၀၆၇၄၁၅]** အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်မော်မော်စီ [၁၂/သဃက(နိုင်)၀၅၀၉၈၂]**သည် “နှစ်ဦးသဘောတူ အဆင့်ဆင့် အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်”များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော **ဦးဇော်နိုင် [၁၂/ခရန(နိုင်)၀၀၇၄၂၀]**နှင့် **ဒေါ်အေးမင်းမင်းကို [၁၂/ဗဟန(နိုင်)၀၀၃၄၇၈]**တို့ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုလှိုင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)**
**အမှတ်(၁၇၇)၊ မြရတနာ(၆)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၂၀၈၈၆၉၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ကမ္ဘောဇ္ဈာန်းကျောင်းလမ်း၊ အမှတ် (၁၀/ဘီ) ဟုခေါ်တွင်သော အကျယ်အဝန်း (၆၉x၁၈၁)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေ၊ မီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်သန်းသန်းနွဲ့ထယ် [၁၂/မဂဒ(နိုင်) ၀၁၇၉၇၇]မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးသော်ဇင်ထက်[၁၃/လရန(နိုင်)၁၂၆၆၂၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသော်ဇင်ထက်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွယ်နွယ်ထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၇၃၅)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၂၃၃၄၈၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ် (၆၀၆-က)၊ ဦးပိုင်အမှတ် [၅/၁၄(ခဲစင်း)]၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စား အစည်းအဝေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်) ၀၀၁၉၃၈]က အမှုတွဲအမှတ်(၃၆၇၈/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ် (၆၀၆-က)၊ ဦးပိုင်အမှတ် (၈+၉)၊ ယဉ်တော်၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စား အစည်းအဝေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်)၀၀၁၉၃၈]က အမှုတွဲအမှတ်(၃၆၆၈/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် (၅၇)၊ မြေကွက်တည်နေရာအမှတ်-၅၇၊ အင်ကြင်းလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ဦးလေးခန့်(NSN-၄၈၅၀၇၄) အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား ပိုင်ဆိုင်စာချုပ်အမှတ် (၅၉၁၉/၁၇-၇-၂၀၂၅)ဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်လှမြင့် [၁၂/မဂတ (နိုင်) ၀၂၄၈၃၈]မှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်/ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်နှင့် ကျမ်းကျိန်လွှာ၊ ပိုင်ဆိုင်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၂)ထပ်တိုက် (၁)လုံးရှိပြီး အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်သင်းလပြည့်အေး မိသားစု နေထိုင်ပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပြီး၊ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်သင်းလပြည့်အေးမှလည်း ဒေါ်ခင်လှမြင့်၏ ဂရန်မိတ္တူလျှောက်ထားခြင်းအား သိရှိသဘောတူကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ခင်လှမြင့်မှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၁-၂၀၂၅ ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃၀)၏ အကွက်– ဒဒ-၁၈၊ ဦးပိုင်– ၆၈ ကြော်ငြာစာတွင် အကွက်– ဒဒ-၁၈၊ ဦးပိုင်– ၆၈ ၏ တောင်ဘက်ခြမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၆၉)၊ မြေကွက်တည်နေရာ အမှတ်(၆၉)၊ သီဟလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးအောင်မိုး (SCG-005237)၊ ဒေါ်သန်းသန်းနု (MYGN-003270)၊ အမည်ပေါက်၊ နှစ်(၆၀)၊ မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် (၂)ဦးအနက် ဦးအောင်မိုး (ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်သန်းသန်းနု [၁၂/မရက(နိုင်)၀၅၉၉၄၇]၊ (MYGN-၀၀၃၂၇၀)မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ ၎င်းမှ လွဲ၍ အခြားသောဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းသာလျှင် တရားဝင်အမွေဆက်ခံခွင့်ရှိပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တက္ကသိုလ်
## ဘွဲ့နှင်းသဘင်ကြေညာချက်

ရန်ကုန်တက္ကသိုလ် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ၂၀၂၃-၂၀၂၄ နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တို့တွင် (ဘွဲ့)စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများ၏ (၁၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်–

**(က) (၂၀-၁၂-၂၀၂၅ ) ပထမနေ့၊ (စနေနေ့) နံနက် (၉:၀၀)နာရီ**

- ပါရဂူဘွဲ့ – မြန်မာစာ၊ သမိုင်း၊ ဥပဒေပညာ၊ မနုဿဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ
- မဟာဥပဒေဘွဲ့ – ဥပဒေပညာ
- မဟာဝိဇ္ဇာဘွဲ့ – မြန်မာစာ၊ နိုင်ငံတကာဆက်ဆံရေးပညာ
- မဟာသိပ္ပံဘွဲ့ – ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ရုက္ခဗေဒ
- ဒီပလိုမာဘွဲ့ – DL၊ မနုဿဗေဒ၊ PGDCWE၊ DBL၊ DIR၊ DPS၊ KIS
- ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့) – မြန်မာစာ၊ မြန်မာမှုပညာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ နိုင်ငံရေးသိပ္ပံ၊ မနုဿဗေဒ၊
- သိပ္ပံ(ဂုဏ်ထူးဘွဲ့) – ဓာတုဗေဒ၊ဇီဝဓာတုဗေဒ၊ရုက္ခဗေဒ၊အဏုဇီဝဗေဒ
- ဥပဒေဘွဲ့ – ဥပဒေပညာ
- ဝိဇ္ဇာဘွဲ့ – မြန်မာစာ၊ မြန်မာမှုပညာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ နိုင်ငံရေးသိပ္ပံ၊ မနုဿဗေဒ၊
- သိပ္ပံဘွဲ့ – ဓာတုဗေဒ၊ဇီဝဓာတုဗေဒ၊ရုက္ခဗေဒ၊အဏုဇီဝဗေဒ

အစမ်းလေ့ကျင့်ရန် **(၁၈-၁၂-၂၀၂၅ )**ရက်နေ့၊ နံနက်**(၈:၃၀)**နာရီ
မှတ်ချက်– အစမ်းလေ့ကျင့်သည့်နေ့တွင် ခန်းမ၏အရှေ့ဘက်ပိုင်းတွင် ထိုင်ရမည်။

**(ခ) (၂၀-၁၂-၂၀၂၅ ) ပထမနေ့၊ (စနေနေ့) မွန်းလွဲ (၂:၀၀)နာရီ**

- ပါရဂူဘွဲ့ – ပထဝီဝင်၊ သင်္ချာ၊ သတ္တဗေဒ
- မဟာဝိဇ္ဇာဘွဲ့ – အင်္ဂလိပ်စာ၊ စိတ်ပညာ
- မဟာသိပ္ပံဘွဲ့ – သတ္တဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ
- မဟာဝိဇ္ဇာဘွဲ့ – (Business Law)
- ဒီပလိုမာဘွဲ့ – အင်္ဂလိပ်စာသင်ကြားရေး(ELT)၊အသုံးချစိတ်ပညာ (DAP)၊ လူမှုရေးပညာ(DSW)၊ စားသောက်ကုန်လုပ်ငန်းအတတ်ပညာ(DFT)၊ DA၊ DIISI DIL၊ DIPL
- ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့) – အင်္ဂလိပ်စာ
- ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုပညာ (ဂုဏ်ထူးဘွဲ့ ) – ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာ
- သိပ္ပံ(ဂုဏ်ထူးဘွဲ့) – သင်္ချာ၊ သတ္တဗေဒ၊ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးပညာ
- ဝိဇ္ဇာဘွဲ့ – အင်္ဂလိပ်စာ၊ ပထဝီဝင်၊ စိတ်ပညာ
- ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုပညာဘွဲ့ – ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာ
- သိပ္ပံဘွဲ့ – သင်္ချာ၊ သတ္တဗေဒ၊ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးပညာ၊ ကုန်ထုတ်ဓာတုဗေဒ

အစမ်းလေ့ကျင့်ရန် **(၁၈ – ၁၂ – ၂၀၂၅)**ရက်နေ့၊ နံနက် **(၈:၃၀)**နာရီ
မှတ်ချက်– အစမ်းလေ့ကျင့်သည့်နေ့တွင် ခန်းမ၏ အနောက်ဘက်ပိုင်းတွင် ထိုင်ရမည်။

**(ဂ) (၂၁– ၁၂-၂၀၂၅ ) ဒုတိယနေ့၊ (တနင်္ဂနွေနေ့) နံနက် (၉:၀၀)နာရီ**

- ပါရဂူဘွဲ့ – ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ရူပဗေဒ၊ဘူမိဗေဒ၊ကွန်ပျူတာသိပ္ပံပညာ
- မဟာဝိဇ္ဇာဘွဲ့ – အရှေ့တိုင်းပညာ၊ ရှေးဟောင်းသုတေသနပညာ
- မဟာသိပ္ပံဘွဲ့ – ရူပဗေဒ၊ ဘူမိဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ၊ EMCS
- ဒီပလိုမာဘွဲ့ – ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ ဘွဲ့လွန်အသုံးချ ဘူမိဗေဒ၊ DOS၊ DGL၊ PGDCA၊ EDCS
- ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့) – ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့် သုတပညာ
- သိပ္ပံ(ဂုဏ်ထူးဘွဲ့) – ရူပဗေဒ၊ ဘူမိဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ
- ဝိဇ္ဇာဘွဲ့ – ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ EPP(2024-2025)၊ TM(2024-2025)
- သိပ္ပံဘွဲ့ – ရူပဗေဒ၊ ဘူမိဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ

အစမ်းလေ့ကျင့်ရန် **(၁၈ – ၁၂ – ၂၀၂၅)**ရက်နေ့၊ မွန်းလွဲ **(၁:၃၀)**နာရီ
မှတ်ချက်– အစမ်းလေ့ကျင့်သည့်နေ့တွင် ခန်းမ၏အရှေ့ဘက်ပိုင်းတွင် ထိုင်ရမည်။

ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို **(၁၅-၁၂-၂၀၂၅)ရက် နံနက် (၈:၀၀)နာရီ**အချိန်တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်အပေါ်ထပ် (စာမေးပွဲနှင့် ဘွဲ့နှင်းဌာန)တွင် ထုတ်ပေးမည်ဖြစ်ပါသည်။ ဘွဲ့ဝတ်စုံများကို အမှတ်-၂၈၈/၂၉၀၊ ရွှေတိဂုံဘုရားလမ်း(အထက်) နှင့် ယောမင်းကြီးလမ်းထောင့်၊ ဒဂုံမြို့နယ်တွင် ထုတ်ယူနိုင်ပါသည်။

**ခင်ဇေယျာဝင်း**
**(မော်ကွန်းထိန်း၊ ရန်ကုန်တက္ကသိုလ်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်း (၆၉)၊ (၆၉) ရပ်ကွက်၊ အရိန္ဒမာလမ်း၊ အ မှတ်(၅၁၈)ဟုခေါ် တွင်သော ဂရန်မြေ အကျယ်အဝန်း ဧရိယာ (၄၀x၆၀)ပေအနက်မှ (၁၀x၆၀)ပေအကျယ်ရှိ (ခေါင်းရင်းခြမ်း)၊ ခြံအမှတ် (၅၁၉)နှင့် ကပ်လျက်ဘက်ခြမ်း အိမ်၊ခြံ၊မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ချိုရီဝင်း [၁၂/ဒဂတ(နိုင်)၀၅၂၃၅၁]မှ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်စိုး [၁၂/အစန(နိုင်)၀၄၅၇၉၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးမြင့်စိုး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စောနှင်းအေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၅၁၂) (၂၇-၆-၂၀၁၉)**
**အမှတ်(၂၄/ခ)၊ ဗိုလ်မင်းရောင်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း– ၀၉-၇၇၉၆၉၂၇၀၄၊ ၀၉-၄၄၃၀၉၁၈၄၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ အင်း၀ (၄)လမ်း၊ အမှတ်(၁၀၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၄/A)၊ မြေကွက်အမှတ်(၁၀၃)၊ အကျယ်အ၀န်း (72 ပေ x 60 ပေ)၊ ( ၄၃၂၀)စတုရန်းပေ၊ ( ၀.၀၉၉)ဧက၊ နှစ်(၆၀) ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အဦ၊ ရေ/မီးအပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်**

ဖော်ပြပါ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အဦ၊ ရေ/မီးအပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု ၀န်ခံကတိပြုသူ ဦးမျိုးတင့်နိုင် [၁၂/တမန(နိုင်)၀၉၈၈၁၇]နှင့် ဒေါ်တင်မေလင်း [၁၂/တမန(နိုင်)၁၁၁၁၄၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်၀ယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအ၀ယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်လွင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၁၇၀၀)**
**E–5၊ Sagawar Street/FMI City . Hlaingtharyar. 09–426779993**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ၈/၃ မြို့မရပ်ကွက်၊ သဇင်(၁)လမ်း၊ အမှတ်(၁၆၉)ဟုခေါ်တွင်သော မြေအမျိုးအစား (ပါမစ်မြေ) ဦးဟန်အောင် (ISN – ၄၀၀၂၁၀) အမည်ပေါက် မြေဖြစ်ပြီး ယင်းမြေကွက်ပေါ်ရှိ အိမ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် တရား၀င်ပိုင်ဆိုင်သူ ဒေါ်ဇင်မာသော်[၁၂/တမန(နိုင်)၀၇၆၆၂၉]မှ တရား၀င်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းသိန်း [၉/မထလ(နိုင်)၀၀၄၈၃၆]မှ အပြီးအပိုင်၀ယ်ယူရန်အတွက် ခြံဖိုးငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်ချိုအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၄၅၄၈)**
**မှော်ဘီရှေ့နေများနားနေခန်း၊ မှော်ဘီမြို့နယ်တရားရုံး၊ မှော်ဘီမြို့။**
**၀၉–၄၂၀၀၅၅၁၃၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၆၀၂)၊ ဦးပိုင်အမှတ်(၁၄–ခ)၊ ၂၇ လမ်း၊ ၈၃x၈၄ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ညိုညိုထံမှ မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ်အမှတ်(၁၉၄၄/၂၀၂၅)ဖြင့် ၀ယ်ယူခဲ့သူ မောင်၀ေယံ [၉/အမဇ(ပြု)၀၀၀၇၅၈] (အုပ်ထိန်းသူဖခင် ဦးမိုဟာမက်ဟူစိန်)က အမှုတွဲအမှတ်(၀၄၁၄/ဘ(ပြောင်း)/၂၀၂၅–၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၇၀၃)၊ မြေကွက်တည်နေရာအမှတ်(၇၀၃)၊ သုမင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ နှစ်(၆၀)ဂရန်မြေ၊ အမည်ပေါက် ဦးသိန်းလွင်[၁၂/တမန(နိုင်)၀၆၅၃၇၁]မှ မှတ်တမ်းထားရန် မြေပုံကူး လျှောက်ထားလာရာ မြေစာရင်းမှတ်ချက်(၁)ရှိ ၂၀၀၂ ခုနှစ်တွင် ဦးသိန်းလွင်မှ ဘဏ်ချေးမြေပုံ လျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ အဆိုပါမြေပုံအား ထုတ်ယူခဲ့ပြီး မည်သည့်ဘဏ်တွင်မျှ ငွေမချေးဖြစ်ခဲ့ဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ မြေစာရင်းမှတ်ချက်(၂)ရှိ ၂၀၀၇ ခုနှစ်တွင် ဒေါ်အေးအေးသီမှ ကန့်ကွက်စာတင်သွင်းထားခြင်းနှင့် ပတ်သက်၍ ၎င်းမှာ ဇနီးဟောင်းတော်စပ်သူဖြစ်ပြီး၊ ဒေါ်အေးအေးသီနှင့် (၂၀၀၆)ခုနှစ်က တရား၀င်ကွာရှင်းပြတ်စဲပြီး မိမိအနေဖြင့် ၎င်းရသင့်ရထိုက်သော အကျိုးခံစားခွင့်ကို အပြီးအပိုင်ပေးဆပ်ခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ဟန့်တားနှောင့်ယှက်ခြင်း လုံး၀မပြုတော့ပါကြောင်း ၀န်ခံကတိပြုခဲ့သော်လည်း ကျေနပ်ခြင်းမရှိပါသဖြင့် ၎င်းမှ တရားလိုပြုလုပ်ပြီး သဃ်န်းကျွန်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ်–၂၃၃/၂၀၂၂ အရ မိမိပိုင်ဆိုင်သော အိမ်နှင့်မြေကို အေးချမ်းစွာလက်၀ယ်ထားရှိခြင်းနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းများကို နှောင့်ယှက်ဟန့်တားကန့်ကွက်ခြင်းမပြုရန် အမြဲတမ်း တားဝရမ်းရလိုမှု စွဲဆိုခဲ့ရာ တရားရုံးမှ ၁၆–၂–၂၀၂၄ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ပြီးဖြစ်သော်လည်း ၎င်းမှ ကျေနပ်ခြင်းမရှိသဖြင့် သဃ်န်းကျွန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်–၃၀၄/၂၀၂၃ အရ နေအိမ်အား လက်ထပ်ပွားပစ္စည်းဟုသတ်မှတ်၍ တစ်၀က်တိတိခွဲ၀ေပေးရန် အပြန်အလှန် တရားစွဲဆိုခဲ့သော်လည်း ကွာရှင်းစဉ်ကတည်းက ခွဲ၀ေပေးပြီးဖြစ်၍ တရားမကျင့်ထုံးဥပဒေအမိန့်–၇၊ နည်းဥပဒေ–၁၁(က)အရ ပယ်ဖျက်ကြောင်း ၂၁–၆–၂၀၂၄ ရက်နေ့တွင် ထုံးပုံကျ အပြီးသတ်အမိန့် ချမှတ်ခဲ့ပြီးဖြစ်၍ မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်လျက်ရှိကြောင်း၊ မြေစာရင်းမှတ်ချက်(၃)ရှိ၂၀၁၂ ခုနှစ် အရောင်းမြေပုံ လျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ အဆိုပါမြေပုံမူရင်းအား ထုတ်ယူခဲ့ပြီး အသုံးပြုခဲ့ခြင်းမရှိဘဲ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ မြေစာရင်းမှတ်ချက်(၄)ရှိ၂၀၁၈ ခုနှစ် ဦးသိန်းလွင်မှ ဘဏ်ချေးမြေပုံလျှောက်ထားခဲ့ခြင်းနှင့် ပတ်သက်၍ ဘဏ်ချေးမြေပုံကူးလျှောက်ထားထုတ်ယူခဲ့ပြီး မည်သည့်ဘဏ်တွင်မျှ ငွေမချေးဖြစ်ခဲ့ဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်–၇၁၃/၂၀၂၅(၇–၈–၂၀၂၅)၊ ဂရန်၊ နိုင်/ကတ်၊ ၀န်ဆောင်ခတို့တင်ပြ၍ မှတ်တမ်းထားရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရား၀င် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူး(ချုပ်))**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ရန်ကုန်စက်မှုဇုန်၊ မြေကွက်အမှတ်–၂၇၊ ဧရိယာ (၁၀.၇၃၉)ဧကအနက်မှ တရား၀င်ခွဲစိတ်ထားသော မြေကွက်အမှတ် (၂၇/A)၊ ဧရိယာ (၅.၇၃၉) ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်စက်မှုဇုန်၊ ခရေပင်လမ်းနှင့် ဇေကမ္ဘာ(၄)လမ်းထောင့်၊ အမှတ်(၂၇/A)ဟုခေါ်တွင်သော မြေကွက်နှင့် အဆောက်အဦအပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရား၀င်လက်ရှိထား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော CITY FAMILY PROPERTIES COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်–၁၁၂၂၅၈၅၈၂)၏ ကိုယ်စား ကုမ္ပဏီဒါရိုက်တာတစ်ဦးဖြစ်သူ ဦးမင်းမင်း [၁၂/လသန(နိုင်)၀၁၆၆၀၃] မှ မိမိတို့ကုမ္ပဏီမှသာလျှင် ရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း၀ယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအ၀ယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သက်ဆုလွင်မောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၆၆၄)**
**ရုံးခန်းအမှတ်– ၅၊ ပထမထပ်၊ Strand Condominium၊ အမှတ်–၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၅၀၀၉၈၉၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၈၁

| | | |
|---|---|---|
| ဒေါ်ခင်၀င့်၀ါဇော် | နှင့် | ဒေါ်ငြိမ်းစုကျော် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်မိုးကြိုးလမ်း၊ အမှတ်(၃၀၄)နေ ဒေါ်ငြိမ်းစုကျော်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအ၀ယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စား ရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက် (၁၃၈၇–ခုနှစ် နတ်တော်လဆုတ် ၆ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(၀ေနှင်းသူ)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ်–(၆၀၆–က)၊ ဦးပိုင်အမှတ်–(၅/၁၇(ခဲစင်း))၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်း၀ေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ[၁၂/ခရန(နိုင်)၀၀၁၉၃၈]က အမှုတွဲအမှတ်(၃၆၈၄/၂၀၂၅–၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၅–က)၊ ဦးပိုင်အမှတ်(၂၁)ခဲစင်း၊ ရှမ်းကလေးကျွန်း၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်း၀ေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်)၀၀၁၉၃၈] က အမှုတွဲအမှတ်(၃၆၇၁/၂၀၂၅–၂၀၂၆)ဖြင့် ဂရန်သစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရပ်ကွက်၊ အကွက်အမှတ်–(၆၀၅–က)၊ ဦးပိုင်အမှတ်(၂၆)၊ ရှမ်းကလေးကျွန်း၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်း၀ေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ၊ [၁၂/ခရန(နိုင်)၀၀၁၉၃၈] က အမှုတွဲအမှတ်(၃၆၇၂/၂၀၂၅ –၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အုံ့ကြီးအရှေ့ အ.မ.က (၁၅) Grade–3 မှ (ဘ) ဦးကျော်သူ၀င်း [၁၂/ဒလန(နိုင်)၀၄၁၁၁၃]၏သား မောင်အောင်သူရပိုင်အား မောင်သတိုးသီဟဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သတိုးသီဟ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်–၅၁၄/၆၊ ဦးပိုင်အမှတ်–၂၃ ခဲစင်းနောက်ခြမ်း/၂၉x၃၀ ကြား၊ ၅၇ A လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စောအုံးတင် [၉/ခအဇ(နိုင်)၀၀၃၇၆၄]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇ၀င်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဆ)၊ မြေကွက်အမှတ်(၅၂၁/က)၊ ၁၂၀၀ စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၅၂၁/က)၊ ကရဝိတ်(၂)လမ်း၊ (ဆ)ရပ်ကွက်၊ ဒေါ်အုံးကြည် (N/OKA–၀၁၉၄၆၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်အုံးကြည် ကိုယ်တိုင်မှ နှစ်(၆၀)မြေငှားဂရန်မူရင်းမှာ မိမိလက်၀ယ်တွင် သိမ်းဆည်းထားရာမှ ၂၀၁၉ ခုနှစ်က နေအိမ်မီးလောင်ကာ အဆိုပါဂရန်မူရင်းမှာ မီးလောင်ပျက်စီးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အခြား မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံး၀မရှိပါကြောင်းနှင့် အရှုပ်အရှင်း ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိမှတာ၀န်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ၀န်ခံကတိပြုကျမ်းကျိန်အမှတ် – ၄၃၁/၂၀၂၅/ ၁၉–၈–၂၀၂၅၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရား၀င်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ်(၆၀၆–က)၊ ဦးပိုင်အမှတ်–၇(ခဲစင်း)၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်း၀ေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်) ၀၀၁၉၃၈] က အမှုတွဲအမှတ်(၃၆၆၇/၂၀၂၅–၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ်(၆၀၆–က)၊ ဦးပိုင်အမှတ်–၇(ခဲစင်း)၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်း၀ေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်) ၀၀၁၉၃၈] က အမှုတွဲအမှတ်(၃၆၆၆/၂၀၂၅–၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ်(၆၀၆–က)၊ ဦးပိုင်အမှတ်–၅/၁၆(ခဲစင်း)၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်း၀ေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်)၀၀၁၉၃၈] က အမှုတွဲအမှတ်(၃၆၈၂/၂၀၂၅–၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ်(၆၀၆–က)၊ ဦးပိုင်အမှတ်–၅/၁၇(ခဲစင်း)၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်း၀ေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်)၀၀၁၉၃၈] က အမှုတွဲအမှတ်(၃၆၈၃/၂၀၂၅–၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၄၃၈)၊ မြေကွက်တည်နေရာအမှတ်(၄၃၈)၊ ကန်တော်မင်္ဂလာလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဦးအောင်မော်(အေဘီအင်န်–၀၄၀၃၉၂) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား မြေအမည်ပေါက် ဦးအောင်မော်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်မြစိန်[၁၂/မဂဒ(နိုင်)၀၁၅၅၃၀]မှ တစ်ဦးတည်းသော တရား၀င်ဇနီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းသာပင်တရား၀င် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိမ်လွှာ၊ ထောက်ခံကျမ်းကျိမ်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရား၀င်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါ်ခင်၀င်းထိုက် (အဖ–ဦးမောင်ညို) နိုင်ငံသားကတ်[၁၂/ကမတ(နိုင်)၀၄၆၅၅၀]က ၎င်းတစ်ဦးတည်းလက်ရှိထား တရား၀င်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံပြောဆိုသော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေကျေးရွာအုပ်စု၊ အမှတ်(၃)လမ်းခွဲ၊ အမှတ်(၂၁)ခေါ် (ယခင်အင်းစိန်မြို့နယ်)၊ ကွင်းနံပါတ်–က/၅၂၉ (ဘီ)၊ ဂုံညင်းနီတောအရှေ့၊ ဦးပိုင်အမှတ်–အေ/၁၉၅၃–၅၄ ခေါ် မြေကွက်ကြီးအတွင်းမှ ဧရိယာ (အလျား ၆၂ ပေ x အနံ ၁၁၀ ပေ/၂၀၀ ပေ) အကျယ်အ၀န်းရှိ ခြံမြေကွက်အား ကျွန်ုပ်၏အမှုသည်က အပြီးအပိုင် ၀ယ်ယူမည် ဖြစ်ပါ၍ အကျိုးသက်ဆိုင်သူ မည်သူမဆိုခိုင်လုံသော အထောက်အထားဖြင့် ဤကြော်ငြာပါနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးခင်မောင်မြင့်**
**B.A. (Law), LL.B., DL Graduate (WIPO–Switzerland), Advocate (No. 2269 / 82)**
**ဦးထွန်း၀င်း**
**B.A. (Law), LL.B., DA,, Advocate (No.3007 / 85)**
**MAC Tower, အမှတ်–၅၆၀ (ပထမထပ်)၊ ကုန်သည်လမ်း၊ (၃၅ လမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စက်မှုဇုန်-၂)၊ မြေကွက်အမှတ် (၆၇/က)၊ လေှသင်းအတွင်းဝန်ဦးချိန်လမ်း၊ ဧရိယာ (၀.၅၀၂)ဧကရှိ နှစ်(၆၀)မြေငှား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့မြေ စာရင်းတွင် **(၁) ဦးလှဌေးငြိမ်း**[၁၄/ဘကလ (နိုင်) ၁၄၂၆၃၅] နှင့် **(၂) ဒေါ်ရင်ရင်** [၁၄/ဘကလ နိုင်)၁၄၁၀၀၀]တို့ အမည်ပေါက်တည်ရှိပြီး အမည်ပေါက်များကိုယ်တိုင်မှ မိမိတို့၏သားအရင်း တော်စပ်သူ **ဦးအောင်သူငြိမ်း** [၁၂/လမန(နိုင်) ၁၄၂၉၆၃]အား မိဘတို့၏ မေတ္တာစေတနာဖြင့် အပြီးအပိုင် ပေးကမ်းခြင်းအား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤမေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှဌေးငြိမ်းနှင့်ဒေါ်ရင်ရင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B) ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈၊ ၀၉-၄၅၀၀၂၅၄၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စာဘူးတောင်းကျေးရွာအုပ်စု၊ ကမ်းနီရွာ၊ ကွင်းအမှတ်(၉၆၁)၊ ကွင်းအမည်(ကုက္ကိုလ်တောင်ကွင်း)၊

(၁) ဦးပိုင်အမှတ်(၁၇/ဧ)၊ မြေအမျိုးအစား(R3)၊

(၂) ဦးပိုင်အမှတ်(N/၅၃)၊ မြေအမျိုးအစား(မြေရိုင်းကျူး)၊

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်အပါအဝင်နှင့် မြေပြင်ပေါ်တွင် မြေကွက် (၁)ကွက်၊ စုစုပေါင်းဧရိယာ(အလျား ၄၀၀ပေx အနံ ၁၂၀ပေ)ရှိ စုစုပေါင်းမြေကွက် (၃)ကွက်နှင့် ယင်းမြေကွက်(၃)ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်မြင့်မြင့်အေး**[၉/မကန(နိုင်) ၀၆၆၀၇၄]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်နီနီဝင်း**[၁၄/ဘကလ (နိုင်) ၁၈၅၁၂၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ အဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီနီဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B) ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈၊ ၀၉-၄၅၀၀၂၅၄၁၅**

## အများသိစေရန်အသိပေးကြေညာချက်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၁၃၂)၊ မြေကွက်တည်နေရာအမှတ် (၁၃၂)၊ ရတနာသုခ (၁) လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးကြည်မြင့် (J/RGN-၀၁၉၆၅၉) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) မြေအား အမည်ပေါက် ဦးကြည်မြင့်(J/RGN-၀၁၉၆၅၉) မြေကွက်အား ဦးကြည်မြင့်မှ ကိုယ်တိုင်နှင့် ၎င်းထံမှ တရားဝင်မခွဲမစိတ်ရသေးသော (၄၂'x၆၀')အနက်မှ (၂၀'x၆၀')အား ဝယ်ယူသူ ဒေါ်ဖြိုးသီရိဝင်း [၁၂/မရက(နိုင်) ၁၂၈၇၅၇]တို့မှ ပူးတွဲ၍ ဂရန်မူရင်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်/ကတ်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သီးခြားသတင်းစာတို့တွင် ကြော်ငြာခဲ့ရာ ကြော်ငြာရက်ပြည့်ပြီး ကန့်ကွက်မှု မပေါ်ပေါက်ပါသဖြင့် ဒ၀မ/ဂရမိတ္တူ-၂၀၂၃၀၂၅၅၅၈/၂၀၂၃(၉-၉-၂၀၂၃)ဖြင့် ဂရန်မိတ္တူ လျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်း(Town Land Roll)တွင် အမှုတွဲအမှတ် ဒ၀မ/စက်မှုဦးစီး/၁၁၄ /၉၄(၃၁-၁၀-၉၅) ဖြင့် ထုတ်ပေးထားသည့် ဂရန် အမှုတွဲအား ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အေးသာယာရပ်ကွက်၊ မြေကွက်အမှတ် (J-၁၀)၊ ဦးမျိုးအောင်အမည်ဖြင့် ချထားပေးသော မြေဧရိယာ (၀.၀၈)ဧကရှိ မြေကွက်၊ (J-၁၁)ဦးတင်ရွှေ အမည်ဖြင့် ချထားပေးသော မြေဧရိယာ (၀. ၀၅)ဧကရှိ မြေကွက်၊ (J-၁၂)၊ ဦးခင်ဇော်အမည်ဖြင့် ချထားပေးသော မြေဧရိယာ (၀.၀၅)ဧကရှိ မြေကွက်၊ (J-၁၃)၊ ဒေါ်မြမြစိန် အမည်ဖြင့် ချထားပေး သော မြေဧရိယာ (၀.၁၀)ဧကရှိ မြေကွက်၊ (J-၁၄)၊ ဦးဟန်စောဦး အမည်ဖြင့် ချထားပေးသော မြေဧရိယာ (၀.၀၅)ဧကရှိ မြေကွက်၊ (J-၁၅)၊ ဒေါ်အေးအေးနွယ် အမည်ဖြင့် ချထားပေးသော မြေဧရိယာ (၀.၀၉)ဧကရှိ မြေကွက်(၆)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးဝင်းဇော်(ဘ)ဦးတင်ရီ [၁၂/တမန(နိုင်)၀၉၁၂၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြတ်သူရ(ဘ)ဦးမြင့် စိုးလွင် [၁၂/လမတ(နိုင်)၀၃၂၁၇၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော (စလစ်)စာရွက်မူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေနှင့် အထွေထွေပိုလျှံ ရန်ပုံငွေတို့ဖြင့် ပြည်နယ်/တိုင်းဒေသကြီး ရုံးများတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် လုပ်ငန်းသုံးပစ္စည်းတင်ဒါနှင့် လုပ်ငန်းတစ်ရပ်လုံးတင်ဒါ ခေါ်ယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်း ရှင်များအနေဖြင့် တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချခြင်း - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ အမှတ် (၄၀၀)၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ အမှတ်(၄၀၀)၊ အောက်ပုဇွန်တောင် လမ်းမကြီး၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်မြို့

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - (၂၈-၁၁-၂၀၂၅) (ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - (၁၁-၁၂-၂၀၂၅) / (၁၅:၃၀)နာရီ

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - (၁၅-၁၂- ၂၀၂၅) / (၁၀:၀၀)နာရီ

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ ဖုန်း- ၀၉- ၈၈၀၀၀၄၉၇၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈၃

ဦးထက်အောင် နှင့် ၁။ ဒေါ်ခင်မြင့်ဝေ
၂။ ဒေါ်မြတ်စန္ဒီအောင်
၃။ ဒေါ်သီတာခင်
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မဂ်လာ လမ်း၊ အမှတ်(၁၄၇/ခ)နေ (၃)တရားပြိုင်ဒေါ်သီတာခင်(ယခုနေရပ်လိပ်စာမသိ) သူသိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ငွေကျပ် ၈၀၀၀၀၀၀ဝိ/- (ကျပ်သိန်းရှစ်ရာ တိတိ)နှင့် နစ်နာကြေးငွေကျပ်၁၂၀၀၀၀၀၀ဝိ/-(ကျပ်သိန်းတစ်ထောင့်နှစ်ရာတိတိ)၊ စုစုပေါင်းငွေကျပ် ၂၀၀၀၀၀၀၀ဝိ/- (ကျပ်သိန်းနှစ်ထောင်တိတိ)ရယူလိုမှု"** လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၈)ရက် (၁၃၈၇ခုနှစ်၊ နတ်တော် လဆုတ် ၄ ရက်) မွန်းမတည့်မီ(၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက် စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီလာအောင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## "အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၄/ရပ်ကွက်၊ အောင်မင်္ဂလာ (၃)လမ်း၊ အမှတ်(၄/၅၆/၅၇) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက်၊ ၄-လွှာ၊ တတိယထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း(အလျား ၁၃½ပေ x အနံ ၅၄ ပေ)ရှိ တိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်ခင်သက် [၁၂/မရက(နိုင်)၁၆၁၂၄၁] ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဇင်မာခိုင် [၈/နမန(နိုင်)၁၇၂၄၇၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူများအနေဖြင့် ဤသတင်းစာကြေညာချက်ပါရှိပြီးနောက် (၇)ရက် အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများပြသ၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် ချက်တစ်စုံတစ်ရာမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်ဇော်နိုင်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၆၁)**
**အခန်း(၅၀၁၀)၊ မြခွာညိုကွန်ဒို(ဝါဝါဝင်း)၊ မြခွာညိုအိမ်ရာ၊ သာကေတမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၈၀၁၀၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကွင်းအမှတ် (၅)၊ ကွင်းအမည်- ဈေးပိုင်းကွင်း၊ ဦးပိုင်အမှတ် - (၃၇)၊ မြို့မရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်- (မမ - ၄၄)၊ ဧရိယာ - (၄၀x ၆၀)ပေရှိ ဦးနီတွတ်၊ ဒေါ်တင်ဥအမည်ဖြင့် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ - ၃(ခ) လယ်ယာမြေဟူသော စကားရပ်တွင် အကျုံးမဝင်ကြောင်း ဝန်ခံချက်လက်မှတ်ရရှိထားသော မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်(၁)လုံး၏ အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်လက်ရှိထား ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ် ကြောင်း အဆိုပြုသူ ဦးနီတွတ်၊ ဒေါ်တင်ဥတို့၏ တစ်ဦးတည်းသောသမီး ဒေါ်အေးသန်း (ဘ)ဦးနီတွတ် [၁၂/လကန(နိုင်) ၁၂၉၃၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးညီညီဇင် (ဘ)ဦးခင်စိုး [၇/ညလပ(နိုင်) ၁၃၂၀၄၉]က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံ သော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးညီညီဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အိသီမွှဲသီမွှဲကျော် (LL.B) (Q) အထက်တန်းရှေ့နေ (စဉ်- ၄၉၅၁၄)**
**အမှတ်(၁၈၄) (၁/ရ)(၄)လမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။**
**၀၉- ၇၈၉၄၀၄၉၉၅၊ ၀၉- ၄၅၆၂၄၁၅၁၄**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ပုသိမ်မြို့နယ်၊ ရှောပြာကျေးရွာအုပ်စု၊ ကလပ်ချီကျေးရွာနေ မအေးအေးနိုင် [၁၄/ပသန (နိုင်) ၃၃၂၆၇၇] ကျောင်းသူ၏ ဖခင်အမည် ဦးကျော်နိုင်(ခ) ဦးကျော်လှိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်နေ(ဘ) ဦးအောင်အေဟိုက် [၁၂/မရက (နိုင်) ၀၅၅၈၂၈]၏သမီး မကြည်လဲ့လဲ့အောင်၏ မွေးသက္ကရာဇ် အမှန်မှာ (၁၉-၈-၂၀၀၂) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်- ယခင် ၉၄ စီ/ယခု ၁၀၈၊ မြေကွက်တည်နေရာအမှတ်(၁၀၈)၊ (၃)လမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးဝင်းမောင် (ISN-388211)၊ ဒေါ်မိမိမာ (CE-103297) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဦးဝင်းမောင်၊ ဒေါ်မိမိမာတို့အား တရားပြိုင်ထား၍ တရားလို ဦးနေဝင်းမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုစွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်- (၁၀/၂၀၂၅) စီရင်ချက်၊ တရားမဒီကရီမှုအမှတ် (၂၂/၂၀၂၅) အမိန့်တို့အရ တရားရုံးကိုယ်စားဘီလစ် ဒေါ်နန့်ဆန်းသိန်း [၁၂/မရက (နိုင်) ၀၄၇၆၁၆] ဘီလစ်ခန့်စာ/ ဂရန်/ နိုင်/ ကတ်/ ဝန်ဆောင်ခတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ လူနာဆောင်(၅+၆)အနီးရှိ Oxygen Plant (O2P 29) စက်အား ပြုပြင်ထိန်းသိမ်းရန်အတွက် စိတ်ပါဝင်စားသည့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၂ - ၁၂ - ၂၀၂၅ (အင်္ဂါနေ့)

တင်ဒါပုံစံ နောက်ဆုံးပေး သွင်းရမည့်နေ့ရက်/အချိန် - ၁၅-၁၂-၂၀၂၅(တနင်္လာနေ့) (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ပွဲန်တန်ဆာမြို့၊ မြို့မ(၁)ရပ်ကွက်၊ ကွင်းအမှတ် (၃၄၁ ခ၊ ကြည်တောစားကျက်ကွင်း)၊ ဦးပိုင်အမှတ် (၁)၊ မြေကွက်အမှတ် (၁)၊ ဧရိယာ (၀.၂၂၀၄)ဧက၊ အရှေ့ဘက်- ရန်ကုန်- မန္တလေးကားလမ်း၊ အနောက်ဘက် - မြေကွက်အမှတ်(၁က၊ ၂က)၊ တောင်ဘက်- ဦးပိုင် အမှတ် (၇၈)၊ မြောက်ဘက်- မြေကွက်အမှတ် (၂)တို့အား မြို့မ(၁) ရပ်ကွက်နေ ဦးဇော်မိုးဟိန်းပါ (၂)ဦးအမည်ဖြင့် မြေငှားဂရန် ထုတ်ပေး ရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့ နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်-အခန်း(၅၀၂)၊ (၅)လွှာ၊ စင်ကျူရီဒီဘလောက်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား Htun Myat Aung Co.Ltd ထံမှ ဦးဆွန်ဗန်မှုန် [၄/မတပ(နိုင်) ၀၂၆၇၃၆]၊ ဒေါ်ကိမ်းနိုင်ထွေး [၄/ဖလန(နိုင်)၀၄၁၈၄၄]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဆွန်ဗန်မှုန်၊ ဒေါ်ကိမ်းနိုင်ထွေး**
**ဖုန်း-၀၉-၇၈၆၀၀၇၂၁၃**
**၀၉-၇၈၀၃၁၁၉၈၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းနှင့် စမ်းရေတွင်းလမ်းထောင့်၊ အမှတ်-၃၄ ဟုခေါ်တွင်သည့် ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅E၁၊ မြေကွက်အမှတ်-၅၉L/၁၊ မြေအမျိုးအစား- မြေပိုင်မြေဂရန်မြေ၊ ဧရိယာ (၀.၄၀၂)ဧကအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်ဒေစီ [၁၂/တမန(နိုင်)၀၅၀၆၈၀]**အမည်ဖြင့် အမည်ပေါက်မှတ်သား တည်ရှိပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည် ပေါက်သူက အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တာဝန်ယူလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု လျက် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်လှလှလွင် (စဉ်-၅၇၇၃)** | **ဒေါ်ဝေဇင်အောင် (စဉ်-၁၆၇၀၆)** | **ဦးတင်ထွန်းမြင့်အောင် (စဉ်-၁၇၂၉၂)** |
| **ဒေါ်လဲ့လဲ့ဝင်း (စဉ်-၁၄၁၃၂)** | **ဒေါ်ယဉ်မြတ်မွန် (စဉ်-၁၆၈၄၂)** | **ဦးထက်ခေါင် (စဉ်-၁၇၅၆၉)** |
| **ဒေါ်သန္တာမော် (စဉ်-၁၄၁၅၂)** | **ဦးဝေဖြိုးကျော် (စဉ်-၁၇၀၀၅)** | |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၆၇ (မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၆၅၁၂၇၁၄၄၊ ၀၁၈-၃၈၄၇၈၃**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၇)၊ မြေကွက်အမှတ်(၅၇၈)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးတင်ဝင်း(BPE-၀၇၂၅၂၅)အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ကြည်ကြည်ဝင်း[၁၂/မရက(နိုင်)၀၀၃၂၃၅]ထံမှကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၂၄-၁၀-၂၀၂၅** ရက်နေ့မှ စတင်၍ **၁၈-၁-၂၀၂၆** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၊ အကွက်အမှတ်-၅၅၉၊ ဦးပိုင်အမှတ်(၄၃-က)၊ ၈၃ လမ်း၊ ၃၃x၃၄ လမ်းကြားရှိ ဘိုးဘမြေကွက်မည်ပေါက်သူ ဒေါ်မြင့်စိန်(ခ)တင်တင်နု [၉/မရမ(နိုင်)၀၈၀၉၁၇]၊ ဒေါ်နုနုလင်း [၉/ခအဇ(နိုင်)၀၀၀၄၁၄] တို့က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၃-၁၁-၂၀၂၅) ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၂)ပါ အထက်တန်းရှေ့နေ ဦးရဲမာန်ဗိုလ်၏ ဦးတင့်လွင်(EF-၁၄၅၂၁၇)အား အကြောင်းကြားတောင်းဆိုခြင်းကြော်ငြာတွင် (မြေကွက်အမှတ်-၃၉၁/က)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သွေးသည် အသက်**

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရ အမှျပေးဝေခြင်း

(၂၈-၁၁-၂၀၂၃) မှ (၂၈-၁၁-၂၀၂၅)

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ပိဋကတ်(၃)ပုံ၊ အလှူဒါယကာကြီး**

## ဦးမင်းဇော်

**ရေယာဉ်မှူးကြီး(ငြိမ်း)၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

**အသက်(၈၇)နှစ်**

၂၈-၁၁-၂၀၂၅ (၂)နှစ်ပြည့် အလွမ်းနေ့တွေပါ အဖေကြီးရေ ......

လွမ်းလို့မဝ တမ်းတနေဆဲပါ။ မလွမ်းမိတဲ့နေ့ သတိမရတဲ့အချိန် တစ်ခါလေးတောင် မရှိခဲ့ပါ။ နေ့ရက်တွေ ဘယ်လောက်ကြာကြာ နှစ်တွေဘယ်လိုပြောင်းပြောင်း ရှင်သန်နေသမျှ ကာလပတ်လုံး သတိရလျက်ပါ။ ဘဝတစ်သက်တာ ဝေးခဲ့ရပေမယ့် ဒီဘဝဒီမျှလောက်ထိ မဟုတ်ပါ။ ဘဝအဆက်ဆက်ထိ ချစ်လျက်ပါ။ လွမ်းလျက်ပါ ဖေကြီးရေ။

နေ့စဉ်လစဉ် အဖေကြီးအတွက် ရည်စူးပြီး လှူဒါန်းပေးသော ကုသိုလ်ကောင်းမှုများနှင့် ဒီနေ့ (၂)နှစ်တိတိပြည့်တဲ့နေ့မှာ လှူဒါန်းပေးသော ကုသိုလ်ကောင်းမှုများအားလုံး ထပ်တူထပ်မျှ အတူတကွရရန် အမျှပေးဝေပါသည်။ ကောင်းမွန်မြင့်မြတ်သော ဘုံဘဝမှ ကြားနိုင်၊ သိနိုင်၊ မြင်နိုင်ပြီး အမျှရ၍ သာဓုခေါ်ပါ အဖေကြီးရေ ......

အမျှ အမျှ အမျှ

**လွမ်းဆွတ်သတိရခြင်းများစွာဖြင့်**
**ချစ်ဇနီးနှင့် သားသမီး၊ မြေး၊ မြစ်များ**

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဦးမာမက်ကာစင်

**(သစ္စာသဘော်ဆေးဆိုင် - မြေနီကုန်း)**

**အသက် (၈၁) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ်(၁၇-ဘီ) နေ (ဦးဂိုနီမြား - ဒေါ်မာလကာ)တို့၏သား၊ ဒေါ်စန္ဒာမြင့်(ခ)စကီနာဘီ၏ ခင်ပွန်း၊ (ကိုနေမိုးလွင်)၊ ကိုကျော်စိုးလွင်-မမြတ်လေးနွယ်၊ ကိုသူရလွင်တို့၏ ဖခင်၊ မောင်ရဲရင့်မိုးစက်၏ အဘိုးဖြစ်သူသည် ၂၆-၁၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၂၀ နာရီတွင် နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၆-၁၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးစွန္နီကဗာရ်စတန် ဥယျာဉ်တော်၌ ဒါဖွာနာပြီးဖြစ်ပါကြောင်းနှင့် ဆုတောင်းဒိုအာပြုပေးကြပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဟာဂျီ ဦးမာမက်ကာစင်

## အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာလမ်း အမှတ် (17-B) နေ ဟာဂျီ ဦးကာစင်သည် ၂၆-၁၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၂၀ နာရီတွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော် ခံယူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့

**United Can Factory Co., Ltd.**

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဟာဂျီ ဦးမာမက်ကာစင်

## အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာလမ်း အမှတ် (17-B) နေ ဟာဂျီ ဦးကာစင် သည် ၂၆-၁၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၂၀နာရီတွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော် ခံယူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့

**United Paints Group Co., Ltd.**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၅)ရပ်ကွက်နေ ကျွန်မ ဒေါ်နှင်းဝတ်ရည်သွင်[၁၂/မရက(နိုင်)၀၆၅၅၀၃]မှ ဒေါ်နန့်ရှိ(စ်)ဌေးမင်း [၁၂/မရက(နိုင်)၁၀၅၄၆၂]၏ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သပြေလမ်း၏ တိုက် 1/1(A) ဟုခေါ်တွင်သော တိုက်ခန်းအား ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့်အဆိုပါတိုက်ခန်း ရောင်းချဝယ်ယူခြင်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ ကြော်ငြာပါရှိသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ လာရောက်ကန့်ကွက်သူမရှိပါက အပြီးသတ်ရောင်းဝယ် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းဝတ်ရည်သွင်**
**အမှတ်(၅)၊ အောင်သပြေလမ်း၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၆၉၄၁၅၇၆၀၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ ပုဇွန်တောင်စက်မှုလမ်း၊ စက်မှုဇုန်(၃)၊ အမှတ် (D-၁၈၈) အကျယ်အဝန်း (၂၀ပေx ၁၅ပေ)ရှိ ဇုန်စာအုပ်အမည်ပေါက်ဆိုင်ခန်းနှင့် ယင်းဆိုင်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်မောင်အေး[၁၂/ပဇတ(နိုင်)၀၁၇၆၃၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထွေးထွေးရီ LL.B (အထက်တန်းရှေ့နေ) စဉ်-၅၆၈၇၃**
**အမှတ်(၅၆၃)၊ မဟာဝန်အလယ်လမ်း၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-443015539, 09-787236325**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၉)၊ မြေကွက်အမှတ်(၇၃၅)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဒေါ်ခင်စီ(L/RGN-၀၀၈၉၃၅) [၁၂/ထတပ(နိုင်)၀၀၆၃၇၀]အမည်ပေါက် မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် တရားဝင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ယခုရောင်းချသူ ဦးညွန့်ဝင်း [၁၂/ဥကမ(နိုင်)၁၂၅၈၃၃] ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငွန်ဘီလ်ထွေး [၅/ကလထ (နိုင်) ၂၀၀၂၈၅]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ်သာ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုနန္ဒာအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၅၁၀)**
**အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၅၈၂၅၁၂၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၅၄**

| ဒေါ်ထက်ဝေအောင် | နှင့် | ဦးကျော်မြင့် |
|---|---|---|
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ပဒုမ္မာ(၃)လမ်း၊ အမှတ်-၄၆၈ နေ ဦးကျော်မြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်းမြေကွက်နှင့်နေအိမ်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၅ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၅ တိုးချဲ့)၊ လူနေရပ်ကွက်အမှတ်(၄/၅-တိုးချဲ့)၊ (၁)လမ်း၊ မြေကွက်အမှတ်(၄၉)ဟုခေါ်တွင်သည့် မြေအကျယ် အလျား (၆၀) ပေxအနံ (၄၀)ပေ၊ စတုရန်းပေ(၂၄၀၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ နှစ်(၆၀)ဂရန်အမည်ပေါက် ဦးရန်ဟုန်ကွမ်း [၁၃/လရန(နိုင်)၀၀၀၇၉၆]က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ကမ်းလှမ်းချက်ကို သဘောတူညီသဖြင့် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းညွန့်အောင် (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၂၆)**
**အမှတ် (၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အခန်း (၃၃)၊ ပထမထပ်၊**
**STRAND CONDO၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၅၀၀၂၅၇၀၂**

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဟာဂျီ ဦးမာမက်ကာစင်

## အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာလမ်း အမှတ် (17-B) နေ ဟာဂျီ ဦးကာစင်သည် ၂၆-၁၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၂၀နာရီတွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော် ခံယူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့

**Unisan Plastic Factory Co., Ltd.**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ မြေကွက်အမှတ်(၅၄၉)၊ အကျယ်အဝန်း (၄၀ ပေx ၆၀ ပေ)ရှိ ဦးရွှေမြင့်အမည်ပေါက် မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် မိမိမှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးချစ်ဝင်း [၁၂/မရက(နိုင်)၁၁၁၂၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါမောင် [၁၂/ဥကတ(နိုင်)၁၆၈၇၆၉]က ( ၂၁-၁၁-၂၀၂၅ )ရက်နေ့တွင် ရောင်းဖိုးငွေအပြေအကျေပေးချေ၍ အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ပြုံးလှိုင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၁၉)**
**ဖုန်း - ၀၉-၄၂၃၆၅၄၀၄၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရဲဘော်(၄)လမ်း၊ အိမ်အမှတ်-၃၉၊ အကျယ်အဝန်း (အလျားxအနံ) (၁၄x၃၇) ပေရှိ နေအိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးသောင်းဟန် [၁၂/အစန(နိုင်) ၀၉၀၁၂၆]၊ ဦးမြင့်အောင် [၁၂/အစန(နိုင်)၁၄၆၀၉၃]၊ ဦးသောင်းအေး [၁၂/အစန(နိုင်)၁၄၆၀၉၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်ဖြိုးနှင့် ဒေါ်အိအိဝင်းတို့မှ ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်သန္တာဦး (LL.B, D.B.L) | ဒေါ်ခင်ကျော်ကျော်ဦး (LL.B) | ဒေါ်နှင်းနွယ်စိုး (LL.B) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၁၃) | အထက်တန်းရှေ့နေ (စဉ်-၅၆၈၃၆)၊ | အထက်တန်းရှေ့နေ (စဉ်-၅၆၆၇၆) |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၃၆၈၀၃၇၊ ၀၉ -၇၉၅၇၁၀၅၇၀**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

❖ ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်းကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရေးအတွက် ယခုကျင်းပမည့်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP-Mixed Member Proportion System) ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်…

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



## အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၉၂ ဦး လွတ်ငြိမ်းသက်သာခွင့်ပြု

ရန်ကုန် နိုဝင်ဘာ ၂၇

အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီး၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ်များမှ လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၉၂ ဦး လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

## ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ


နေပြည်တော် နိုဝင်ဘာ ၂၇

ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" အခြေအနေ

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၈၀၀ ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၁၀ ခန့်နှင့် အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

စာမျက်နှာ ၁၈ ကော်လံ ၄ သို့ ☆

၂၇-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၇:၃၀ နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း"ဒစ်ဝါ (DITWAH)" လမ်းကြောင်းပြမြေပုံ



## အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(G)ပွဲစဉ် MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၇

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(G)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ လက်ခံကျင်းပလျက်ရှိရာ နိုဝင်ဘာ ၂၈ ရက် ညနေ ၄ နာရီတွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းနှင့် အိုမန် U -17 အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## ဆီးဂိမ်းဘောလုံး အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ နှစ်ခုစလုံးမှ ကမ္ဘောဒီးယားအသင်း နုတ်ထွက်

ရန်ကုန် နိုဝင်ဘာ ၂၇

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ဘောလုံး အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲနှစ်ခုစလုံးမှ ကမ္ဘောဒီးယားအသင်း နုတ်ထွက်ခဲ့သည်။

### အုပ်စုအပြောင်းအလဲပြုလုပ်

ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကမ္ဘောဒီးယားအသင်း နုတ်ထွက်ခဲ့သဖြင့် ကိုးသင်းသာကျန်ရှိတော့ပြီး အုပ်စု(A)တွင် အိမ်ရှင်ထိုင်းနှင့် တီမောနှစ်သင်းသာ ကျန်ရှိသည်။ ထို့ကြောင့် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုအပြောင်းအလဲပြုလုပ်ရမည်ဖြစ်သည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင်မူ ကမ္ဘောဒီးယားအသင်းနုတ်ထွက်ခဲ့သဖြင့် အုပ်စု(A)တွင် ထိုင်း၊ စင်ကာပူနှင့် အင်ဒိုနီးရှားသုံးသင်းသာ ကျန်ရှိသည်။

ပွဲစဉ်ရေးဆွဲထားမှုအရ အမျိုးသားဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၁၈ ရက်၊ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

ယနေ့ ဖတ်စရာ

KK Park အပိုင်း(၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအား စတင်ချိပ်ပိတ်သိမ်းဆည်း

စာမျက်နှာ » ၁၅



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

စာမျက်နှာ » ၁၆